မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေခဲ့သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၁၇၇)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၂၆ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၅ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင်ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ အမ်ဒီ အဗ္ဗဒုလ် ဟာမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရေးဆွေးနွေး

နေပြည်တော် မတ် ၂၅

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂစီမံကိန်းများ ဝန်ဆောင်မှုရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး Ms.Grete Faremo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံရာတွင် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာဝင်းမြင့်၊ ဒေါ်လဲ့လဲ့သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်စေရေး၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရေးနှင့် စားနပ်ရိက္ခာဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် အကူအညီများပေးအပ်ရေးဆိုင်ရာများအပေါ် အလေးအနက်ထားဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပေါက်မြို့နယ် အုန်းတောတံတား တည်ဆောက်မှု ၉၅ ရာခိုင်နှုန်း ပြီးစီး

ဖိုးသားလေး ယောမြေ

ပေါက် မတ် ၂၅

ချင်းပြည်နယ်နှင့်မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်နှင့် ပေါက်မြို့နယ်ရှိ ပြည်သူများ အဓိကအားထားသွားလာရသော ဆိပ်ဖြူ-ကန်တော-ပေါက်နှင့်ပခုက္ကူ-ပေါက် -မတူပီ ပြည်ထောင်စုကားလမ်းရှိ အမှတ် (၁) ပေါက်တံတား (အုန်းတော)ကို တိုးချဲ့တည်ဆောက်လျက်ရှိရာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၉၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်၍ မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း တာဝန်ယူတည်ဆောက်နေသော အထူးစီမံကိန်းကြီးအဖွဲ့ (၃) အင်ဂျင်နီယာက ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ ◆

(၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်မည့် မြန်မာကစားသမားများအကြောင်း ထုတ်လွှင့်မည်

သတင်း-ခင်ရတနာ

ရန်ကုန် မတ် ၂၅

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအတွက် ပံ့ပိုးပေးသည့် တီဗွီအစီအစဉ်နှင့် မြန်မာအားကစားသမားများ အနာဂတ်အတွက် Go for Gold Campaign အစီအစဉ်ကို မတ် ၂၄ရက် နံနက်က ဆူးလေရှန်ဂရီ လာဟိုတယ်၌ မိတ်ဆက်ပွဲ အခမ်းအနားကျင်းပသည်။

အရှေ့တောင်အာရှ ပြိုင်ပွဲ အောင်မြင်မှုများမှတစ်ဆင့် မြန်မာ့အားကစားသမိုင်း၏ အောင်မြင်မှု သမိုင်းမှတ်တိုင်သစ်ကို မြန်မာပြည်သူလူထုနှင့် ကမ္ဘာကို ဖော်ထုတ်ပြသရန်၊ မြန်မာအားကစားသမားများ၏ အခြေခံအားကစားမြှင့်တင်မှု လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ရန်နှင့် အားကစားသမိုင်းသစ်တစ်ရပ် ပြန်လည်ထွန်းတောက်ကာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းလျက် ကမ္ဘာ့အားကစားနယ်ပယ်တွင် ပြန်လည်အခြေချနိုင်ရန်ရည်ရွယ်ကာ မြန်မာ Go for Gold Campaign အစီအစဉ်ကို ပြုလုပ် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

Campaign ၏အစီအစဉ်တစ်ခုအဖြစ် မြန်မာ Go for Gold တီဗွီပရိုဂရမ်ကို မြဝတီရုပ်သံလိုင်းမှ အပိုင်း

စာမျက်နှာ ၁၀ ကော်လံ ၁ ●

နိုင်ငံတကာ

အမေရိကန်တပ်ဖွဲ့ဝင် တစ်သောင်းနီးပါး အာဖဂန်၌ ဆက်ထားမည်

စာမျက်နှာ ❖ ၄

တွေ့ဆုံမေးမြန်း

စာနယ်ဇင်းအသိအမြင်တိုးပွားစေပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို မြင်တွေ့စေမည့် IPI ညီလာခံ

စာမျက်နှာ ❖ ၉

ဥပဒေ

မြေနှင့်အခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာမျက်နှာ ❖ ၁၀

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တီဘီရောဂါ ဆေးယဉ်ပါးမှု သတိပြုဖွယ်

တီဘီရောဂါသည် လူအချင်းချင်း ကူးစက်ရန်လွယ်ကူသည့် ရောဂါဖြစ်သည်။ ရောဂါကူးစက်ခံရသူများအနေဖြင့် ဆရာဝန်ညွှန်ကြားချက်နှင့်အညီ ဆေးဝါးများကို စနစ်တကျသောက်သုံးရန် အထူးလိုအပ်ပေသည်။ သို့မဟုတ်ပါက ဆေးယဉ်ပါးမှုဖြစ်ပွားနိုင်ပါသည်။ တစ်နည်းအားဖြင့် ဆေးယဉ်ပါးသည် ဆိုခြင်းမှာ လူနာဆေးမတိုးတော့ခြင်းဖြစ်သည်။ တီဘီဆေးယဉ်ပါးသော လူနာတစ်ဦးအနေဖြင့် ကုသရန်ခက်ခဲပြီး စနစ်တကျ ကုသမှုမခံယူပါက အသက်ဆုံးရှုံးနိုင်သည်အထိ ဖြစ်ပွားနိုင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ကမ္ဘာ့လူဦးရေသုံးပုံတစ်ပုံခန့်မှာ တီဘီရောဂါပိုး ကူးစက်ခံနေရကြောင်း သိရပါသည်။ နှစ်စဉ် တီဘီလူနာကိုးသန်းခန့်ဖြစ်ပွားပြီး ယင်းတို့အနက် တစ်သန်းခွဲခန့်မှာ တီဘီရောဂါကြောင့် သေဆုံးလျက်ရှိပါသည်။ ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု၏ ၈၀ ရာခိုင်နှုန်းနှင့် တီဘီရောဂါကြောင့်သေဆုံးသူများ၏ ၈၃ ရာခိုင်နှုန်းခန့်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ပါသည်။ မြန်မာနိုင်ငံသည်လည်း ဆေးယဉ်ပါးတီဘီအဖြစ်အများဆုံး ၂၇ နိုင်ငံတွင် ပါဝင်နေကြောင်း သိရပါသည်။ ဤအချက်ကိုဆန်းစစ်ခြင်းဖြင့် ဆေးယဉ်ပါးမှုကို သတိပြုဆောင်ရွက်သင့်ကြောင်း မီးမောင်းထိုးပြနေခြင်းပင်ဖြစ်ပါသည်။

ဆေးယဉ်ပါးမှုဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်းသည် သတ်မှတ်ထားသောကာလအတွင်း ဆေးဝါးများကို စနစ်တကျသောက်သုံးခြင်းမရှိခြင်းကြောင့်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီရန် အမျိုးသားကျန်းမာရေး ဝါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၅) ရေးဆွဲရာ၌ တီဘီရောဂါကိုဦးစားပေးတိုက်ဖျက်ရမည့် ရောဂါအဖြစ် သတ်မှတ်ခဲ့ပါသည်။

ထို့ကြောင့်ပင် ၂၀၀၃ ခုနှစ်မှစ၍ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်တွင် တီဘီရောဂါတိုက်ဖျက်ရေး နည်းဗျူဟာဖြစ်သည့် DOTS Strategy ကို ဆောင်ရွက်ခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ထပ်မံတိုးချဲ့ခဲ့သော နေပြည်တော် သီရိဝါးမြို့နယ်အပါအဝင် စုစုပေါင်း မြို့နယ် ၃၃၀ ကို လွှမ်းခြုံဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။

တီဘီရောဂါရှာဖွေခြင်းကို ဌာနမှစောင့်၍ လူနာ ရှာဖွေခြင်း အပြင်လူနာဗဟိုပြု တီဘီရောဂါရှာဖွေကုသခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ နယ်စပ်ဒေသများ အပါအဝင် ကျေးလက်ဒေသအောက်ခြေအထိ လွှမ်းခြုံဆောင်ရွက်ကာ တီဘီရောဂါကို စုပေါင်းရှာဖွေဖော်ထုတ်ပြီး ကုသပေးခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး တီဘီရောဂါကင်းဝေးအောင် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ဆေးယဉ်ပါးမှုမဖြစ်အောင် တီဘီဝေဒနာရှင်များကလည်း စနစ်တကျကုသပေးမှုကို ခံယူကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။

★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

ပဲခူး မတ် ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ မတ် ၂၄ ရက်နံနက်ပိုင်းက ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ ပဲခူးတိုင်းဒေသကြီး တရားစစ်ချုပ် ဦးအေးဝင်း၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမျိုးအုန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရဝ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ပြီး တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှု ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ဆုများအသီးသီးချီးမြှင့်ပေးခဲ့ပြီးနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့တီဘီရောဂါတိုက်ဖျတ်ရေးနေ့ ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သန့်စင် (ပဲခူး)**

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဟောပြော

တပ်ကုန်း မတ် ၂၅

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဌေး ဦးဆောင်သော အဖွဲ့သည် မတ် ၂၂ ရက်က ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (နေပြည်တော်)ရှိ ဝန်ထမ်းများ မော်တော်ဆိုင်ကယ် ယာဉ်မတော်တဆဖြစ်မှု မဖြစ်ပွားစေရေးအတွက် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်မောင်းနှင်သူများ လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ယာဉ်တိုက်မှုအန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်မှုများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး (စီမံ)မှ ဦးကိုကိုနိုင်ကလည်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရန် ဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာကြရန် ရှင်းလင်းဆွေးနွေးသည်။

ဟောပြောပွဲသို့ တက်ရောက်လာကြသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရန် အသိပညာပေးလက်ကမ်းစာစောင်များနှင့် မော်တော်ယာဉ်တွင်ပါရှိသော သတိပြုရမည့်အချက်ပြ သင်္ကေတအမှတ်အသားစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(ဝ၂ခ)

စာပေမြင့်မှ လူမျိုးတင့်မည်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၃-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၈၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၈၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၈၄၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၅
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၆၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၉၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၁၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနှိုင်းများ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျောင့်)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၈၀-၁၀၈၄
ဥရောပ	တစ်ယူရို	၁၂၂၀-၁၂၃၅
စင်ကာပူ	တစ်ဒေါ်လာ	၇၈၀-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၅-၃၂
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆.၃
တရုတ်	တစ်ယွမ်	၁၆၅-၁၇၀
မလေးရှား	တစ်ရင်းဂစ်	၃၃၀-၃၄၃

ဘုရင့်နောင်ကုန်စည်နှိုင်းဈေးနှုန်း

နွေဆန်	တစ်အိတ်	၁၈၀၀-၁၈၅၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၇၀၀-၁၇၅၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၈၀၀-၃၃၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၄၀
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၅၀-၄၀၀
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၁၁၀၀-၁၅၀၀
ကြက်သွန်ဖြူ (ကြေကုတ်)	တစ်ပိဿာ	၁၅၆၅-၁၆၀၀
အာလူး (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၇၀-၇၃၀
ငရုတ်ရှည် (ဖိုးထောင်)	တစ်ပိဿာ	၃၁၀၀-၃၁၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၅၀၀-၆၂၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်နှိုင်းဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်းရေးဆွဲပြီး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အမေရိကန်နိုင်ငံ Stanford တက္ကသိုလ် နိုင်ငံတကာမူဝါဒများလေ့လာရေးမဟာဌာနမှ ပါမောက္ခ James Fearon နှင့် သင်တန်းသား၊ သင်တန်းသူ ၂၃ ဦးအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံးအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာဝုံ)

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့်အတွက် ကော်မရှင်၏အခန်းကဏ္ဍနှင့် တာဝန်များသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၌ အခြေခံအုတ်မြစ်များ ဖြစ်ကြောင်း၊ ကော်မရှင်၏လုပ်ငန်းတာဝန်များအနက် လွတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ပေးခြင်းနှင့် ဥပဒေနှင့်အညီဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ ရွေးကောက်ပွဲအပြီးတွင် ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကိုဖြေရှင်းပေးခြင်းတို့သည် အရေးကြီးပါကြောင်း၊ ကော်မရှင်အနေဖြင့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ လွတ်လပ်၍ တရားမျှတပြီး အောင်မြင်သည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ CSO များ၊ မီဒီယာများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲများ ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ရန်အတွက် နည်းဥပဒေများကို ပြင်ဆင်ရေးဆွဲခဲ့ကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်းရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ Capacity Building မြှင့်တင်ရေး၊ တိကျမှန်ကန်သည့် မဲစာရင်းရရှိရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များစီမံခန့်ခွဲမှုနည်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း/ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ Code of Conduct ကို ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ၊ မီဒီယာများ၏ Code of Conduct ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်းပြောကြားသည်။

ယင်းနောက် အမေရိကန်နိုင်ငံ Stanford တက္ကသိုလ် နိုင်ငံတကာမူဝါဒများ လေ့လာရေးမဟာဌာနမှ ပါမောက္ခ James Fearon နှင့် သင်တန်းသား၊ သင်တန်းသူများက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် အခက်အခဲများနှင့် စိန်ခေါ်မှုများ၊ မဲဆန္ဒရှင်အသိပညာပေးခြင်း၊ မဲစာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲကို လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာစေရန် ဆောင်ရွက်မည့်အစီအစဉ်များ၊ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းနှင့် အသုံးစရိတ်သတ်မှတ်ချက်များ၊ ရွေးကောက်ပွဲရွေ့ဆိုင်းခြင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်နေမှုနှင့် ရွေးကောက်ပွဲအပေါ် အကျိုးသက်ရောက်မှု၊ Code of Conduct များ ရေးဆွဲဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ သိရှိလိုသည်များ မေးမြန်းရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိုဂုံးချုပ် အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲစနစ်၊ မဲပေးမှုစနစ်၊ အခြေခံမဲစာရင်း ပြုစုဆောင်ရွက်နေမှုနှင့် မဲဆန္ဒရှင်များအနေဖြင့် Online မှ မဲစာရင်းကြည့်ရှုနိုင်ရေးဆောင်ရွက်နေမှု၊ Voter Education, Voter Training တို့နှင့် ပတ်သက်၍ ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ CSO များအား အပိုင်းလိုက်ပညာပေးဆောင်ရွက်မည့် အစီအစဉ်များ၊ ပြည်တွင်း/ပြည်ပ Observer များအား ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကြည်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့်ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၅

(၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကိုဧရာဝတီ တိုင်းဒေသကြီး ငွေဆောင်ရှိ Ngwe Saung Yacht Club and Resort ၌ ယနေ့ကျင်းပရာ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မောင်မောင်ဝင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အစည်းအဝေးကို အာဆီယံသီချင်း ASEAN Anthem ဖြင့် စတင်ဖွင့်လှစ်ပြီး အာဆီယံအဖွဲ့ကိုတည်ထောင်ခဲ့စဉ်က ခေါင်းဆောင်များအနက် တစ်ဦးဖြစ်သည့်အပြင် စင်ကာပူနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်သူ မစ္စတာလီကွမ်ယု ကွယ်လွန်မှုကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ၂ မိနစ်ခန့် မတ်တတ်ရပ်၍ ဂုဏ်ပြုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် (၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးသဘာပတိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်ပြီး ၂၀၁၅ ခုနှစ် အလွန် အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်များ၊ ၂၀၂၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်မူကြမ်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍတွင် အကောင်အထည်ဖော်မှုဆိုင်ရာ မဟာဗျူဟာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ၊ ASEAN Communication Master Plan အာဆီယံပြန်ကြားရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ ပင်မစီမံကိန်းနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ညနေပိုင်း အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့သုံးဖွဲ့ဖြစ်သည့် ဒီဂျစ်တယ်ရုပ်သံလွှင့် လုပ်ငန်းဆိုင်ရာ လုပ်ငန်းအဖွဲ့(ADB)၊ ရုပ်သံအစီအစဉ်နှင့်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ (WGCP) နှင့် သတင်းအချက်အလက်မီဒီယာနှင့် သင်တန်းဆိုင်ရာ လုပ်ငန်းအဖွဲ့ (WGIMT) တို့မှ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ အစီရင်ခံစာများကိုတင်ပြကြရာ တက်ရောက်လာကြသည့် အာဆီယံပြန်ကြားရေး အဆင့်မြင့်အရာရှိကြီးများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့နောက် ASEAN COCI စီမံကိန်းများနှင့်ပတ်သက်ပြီး လက်ရှိ အာဆီယံပြန်ကြားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌဖြစ်သည့် Cambodia နိုင်ငံက (၁၅)ကြိမ်မြောက် ပြန်ကြားရေး ဆပ်ကော်မတီ၏ အစီရင်ခံစာနှင့် (၄၉)ကြိမ်မြောက် COCI အစီရင်ခံစာတို့ကို တင်ပြကြသည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ASEAN COCI ပြုပြင်ပြောင်းလဲမှုဖွဲ့စည်းရေးဆိုင်ရာ ရည်ညွှန်းချက်အသစ်များကို တင်ပြဆွေးနွေးအတည်ပြုချက် ရယူကြသည်။

ထို့နောက် အာဆီယံမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် ပြန်ကြားရေးစီမံကိန်းများနှင့် ပတ်သက်၍ ထိုင်းနိုင်ငံမှ ASEAN-China Cooperation Through Information and Media လုပ်ငန်းစီမံချက်များကို တင်သွင်းခဲ့ကြပြီး မလေးရှားနိုင်ငံကလည်း ASEAN+3 နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဂျပန်နှင့် ကိုရီးယားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် ပြန်ကြားရေးစီမံကိန်းနှင့်ပတ်သက်ပြီး ဆွေးနွေးကြပြီး အစည်းအဝေး ဒုတိယနေ့ကို မတ် ၂၆ ရက်တွင် ဆက်လက်ဆွေးနွေးကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၁၃) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ စုံညီအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

သနပွင်-အုပ်ဖိုစုကျေးရွာချင်းဆက် ကွန်ကရစ်လမ်းနှင့်တံတား သန်လျင်မြို့နယ်၌ ဖွင့်လှစ်

ရန်ကုန် မတ် ၂၅

နှစ် (၇၀) မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ သနပွင်- အုပ်ဖိုစု ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းနှင့် တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းတို့က ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း မုခ်ဦးနှင့် ကျေးရွာချင်းဆက်လမ်း ပေါ်ရှိ တံတားကမ္မည်းမော်ကွန်းတို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းနှင့်တံတားကို ကြည့်ရှုစစ်ဆေးကြသည်။ **(ယာဝုံ)**

သနပွင်-အုပ်ဖိုစု ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသည် အရှည် ၂ မိုင် ၁ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိသည်။ ကျေးရွာချင်းဆက်တံတားသည် ဘိုးပိုင်သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အရှည်ပေ ၁၁၀၊ အကျယ် ၁၄ ပေရှိသည်။ ယင်းကွန်ကရစ်လမ်းနှင့် တံတားတို့ကို ၂၀၁၄ ခုနှစ် သြဂုတ် ၂၈ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး စုစုပေါင်းကုန်ကျငွေ ၄၆၅ ဒသမ ၇၁ သန်းရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သန်လျင်မြို့နယ်အတွင်းရှိ မဂ်လွန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ပုဂံတောင်၊ သပြေကုန်း၊ ရုံးသပြေ ကန်နှင့် မဂ်လွန်းကျေးရွာတို့မှ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရမ်းချောင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ၅ အမ်ပွီအေ ထရန်စဖော်မာတစ်လုံး တပ်ဆင်၍ အနီးပတ်ဝန်းကျင်ကျေးရွာ ၂၃ ရွာသို့ ၁၁ ကေဗွီအေလိုင်းဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းမှ ရရှိသည့် ရေချိုများဖြင့် မိုးစပါးအပြင် ပဲတီစိမ်းနှင့် နွေစပါးများကိုလည်း သုံးသီးရအောင် စိုက်ပျိုး၍ဝင်ငွေတိုးအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စီမံကိန်းမှလျှပ်စစ်မီးရရှိသည့်အတွက် အခြား ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင်လည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရမ်းမြို့နယ် အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပါနိုမြန်မာ ရဲမွန်ဆောက်လုပ်ရေးအဖွဲ့တို့ အကျိုးတူပူးပေါင်းတည်ဆောက်သည့် အဝေးပြေးကားကွင်းနှင့် လူနေတိုက်ခန်းများ တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးချင်းညီအစ်ကိုမောင်နှမများ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မတ် ၂၅

နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လောက်ကိုင်ဒေသ၌ အမိမြေ၏ အချုပ်အခြာအာဏာကို သက်ဝန့်ကြိုးပမ်းကာကွယ်ထမ်းဆောင်နေကြသော တရားသောစစ်ပွဲကို ဆင်နွဲနေသည့် သားကောင်းဇာနည်အောင်စစ်သည်များအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ရန်ကုန်တိုင်းဒေသကြီး ပါတီကော်မတီဝင်များက ယနေ့ နံနက် ၉ နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ၌ ငွေကျပ်လေးသိန်း လှူဒါန်းပြီး ပါတီကဖွဲ့စည်းထားသည့် "သွေးချင်းညီအစ်ကိုမောင်နှမများ" သွေးလှူရှင်အဖွဲ့မှ အင်အား ၁၀၀ တို့က ဆေးရုံ၌ တက်ရောက်ဆေးဝါးကုသမှု ခံယူနေသော လူနာများအသုံးပြုရန် (၁၃) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလေးရှားခ္ဍထိန်းသိမ်းခံနေရသော တရားမဝင်မြန်မာအလုပ်သမားများအား တပ်မတော်(ရေ) စစ်ရေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

နေပြည်တော် မတ် ၂၅

မြန်မာ့တပ်မတော် (ရေ)မှ စစ်ရေယာဉ်မဟာသီဟသူရသည် မလေးရှားနိုင်ငံလန်ကာဝီကျွန်း၌ မတ် ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပပြုလုပ်သည့် Langkawi International Maritime and Aerospace Exhibition 2015 (LIMA-2015) ပြပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့တွင် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာသည်။

အဆိုပါစစ်ရေယာဉ်သည် မလေးရှားနိုင်ငံ၌ တရားမဝင် ရောက်ရှိနေသောမြန်မာအလုပ်သမား ၁၀၂ ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လာခဲ့ကြောင်း သိရသည်။

တပ်မတော်(ရေ)မှ စစ်ရေယာဉ်နှင့်အတူ ပြန်လည်လိုက်ပါလာသော မြန်မာအလုပ်သမားများသည် မလေးရှားနိုင်ငံသို့ တရားမဝင်လမ်းကြောင်းများမှ သွားရောက်ခဲ့ပြီး မလေးရှားအစိုးရ၏စီမံချက်ဖြင့် ဖမ်းဆီးခံရ၍ ထိန်းသိမ်းရေး စခန်းများ၌ ထိန်းသိမ်းခံနေရသူများ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ပြန်ရန်အတွက် မည်သူ ဖြစ်ကြောင်းသက်သေခံ လက်မှတ် (C of I) ထုတ်ယူရရှိထားပြီး နေရပ်ပြန်ရန်အခက်အခဲ ကြုံတွေ့နေရသူများဖြစ်ကြောင်းသိရှိရသည်။

ထိုသို့ မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာအလုပ်သမားများကို ကူညီဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများမှတစ်ဆင့် ဆက်သွယ်ညှိနှိုင်းလာခဲ့ရာ မိခင်နိုင်ငံသို့ပြန်ရန် ကြိုးစားနေသည့် မြန်မာအလုပ်သမားများအား စာနာထောက်ထားစွာ ကူညီပံ့ပိုးပေးသည့်အနေဖြင့် စစ်ရေယာဉ် မဟာသီဟသူရ အပြန်ခရီးတွင် ခေါ်ဆောင်လာခဲ့ခြင်းဖြစ် ကြောင်း သိရှိရသည်။

အဆိုပါ မြန်မာ့တပ်မတော် စစ်ရေယာဉ်နှင့်အတူ လိုက်ပါလာသော အလုပ်သမားများကို အဆင်ပြေချောမွေ့စွာဖြင့် ၄င်းတို့၏ မိသားစုများနှင့် ပြန်လည်တွေ့ဆုံနိုင်ရန်အတွက် လမ်းခရီးတစ်လျှောက် စားသောက်နေထိုင်ရေးနှင့် လိုအပ်သော ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို စစ်ရေယာဉ်ပေါ်၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မတ် ၂၉ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

နိုင်ငံတကာသတင်း

ယူကရိန်းအုပ်ချုပ်ရေးမှူးက သမ္မတပိုရိုရှင်ကိုထံ နုတ်ထွက်ခွင့်တောင်းဆို

ကိယက်မ် မတ် ၂၅

ယူကရိန်းသမ္မတ ပိုရိုရှင်ကိုသည် ဒီနီပရိုပီထရော့ဗ်အရှေ့ပိုင်း ပြည်နယ်ရှိ အာဏာရအုပ်ချုပ်ရေးမှူး မစ္စတာကိုလိုမွိုင်စကီထံမှ နုတ်ထွက်ခွင့်တောင်းခံလွှာ တစ်စောင်ကို လက်ခံရရှိခဲ့သည်။

နိုင်ငံ၏အကြွယ်ဝဆုံးပုဂ္ဂိုလ် မစ္စတာကိုလိုမွိုင်စကီသည် ကိယက်ဗ်၌သမ္မတနှင့် တွေ့ဆုံပြီးနောက် နုတ်ထွက်ခွင့်တောင်းခံလာခြင်းဖြစ်သည်ဟုဆိုသည်။

ဗုဒ္ဓဟူးနေ့အစောပိုင်းက ထုတ်ပြန်ချက်၌ မစ္စတာပိုရိုရှင်ကို၏ ရုံးကဗာလင်တီ ရက်ဇ်နီချန်ကိုအား ဒီနီပရိုပီထရော့ဗ်ပြည်နယ်၏ ခေတ္တ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်လိုက်သည်ဟု ဖော်ပြထားသည်။ မစ္စတာ ကိုလိုမွိုင်စကီသည် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံမက ကြွယ်ဝချမ်းသာသူဖြစ်ပြီး ဗိုနက်စ်နှင့် လူဟန့်စ်ဒေသရှိ ခွဲထွက်ရေးအုပ်စုများနှင့် တိုက်ခိုက်ရာတွင် ယူကရိန်းတပ်ဖွဲ့ဝင်များစွာအတွက် ငွေကြေးထောက်ပံ့မှုပြုလုပ် လျက်ရှိသည်။

Ukrnafta စွမ်းအင်ကုမ္ပဏီ၏ဌာနချုပ်နှင့် လက်အောက်ခံကုမ္ပဏီကို ယာယီအစိုးရအဖွဲ့၏စေခိုင်းမှုဖြင့် လက်နက်ကိုင်တပ်များက သိမ်းယူခဲ့သည်ဟူသော စွပ်စွဲချက်ဖြစ်ပေါ်လာပြီးနောက် ၄င်းကနုတ်ထွက်ရန် တောင်းခံလာခြင်းဖြစ်သည်။ မစ္စတာကိုလိုမွိုင်စကီနှင့် ကိယက်ဗ်သမ္မတတို့အကြား မကျေမလည်ဖြစ်မှုများသည် ဒီနီပရိုပီထရော့ဗ်ဒေသကို မတည်မငြိမ်မှုများ ဖြစ်လာစေမည်ကို စိုးရိမ်နေကြသည်။

(ဘီဘီစီ)

အမေရိကန်တပ်ဖွဲ့ဝင် တစ်သောင်းနီးပါး အာဖဂန်၌ ဆက်ထားမည်

ဝါရှင်တန် မတ် ၂၅

အမေရိကန်အနေဖြင့် ၂၀၁၅ ခုနှစ်တစ်လျှောက်လုံး အာဖဂန်နစ္စတန်နိုင်ငံ၌ တပ်ဖွဲ့ဝင် ၁၀၀၀၀ နီးပါးထားရှိသွားမည်ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များကို အာဖဂန်မှ ရုပ်သိမ်းရေး အချိန်ဆွဲထားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားလိုက်သည်။

သမ္မတအိုဘားမားနှင့် အာဖဂန် သမ္မတ အက်ရှာရပ် ဂါနီတို့ ဝါရှင်တန်၌ တွေ့ဆုံစဉ် အထက်ပါ ပြောင်းလဲရေးအစီအစဉ်ကို ကြေညာလိုက်ခြင်းဖြစ်သည်။ လုံခြုံရေးအခြေအနေသည် စိုးရိမ်နေရသော်လည်း အမေရိကန်နိုင်ငံ ၏အရှည်ကြာဆုံး စစ်ပွဲကို ၄င်းလက်ထက်တွင် အဆုံးသတ်ရန် သမ္မတအိုဘားမားက ကတိပြု ပြောဆိုထားသည်။

အမေရိကန်တို့က ၂၀၁၆ ခုနှစ် အကုန်တွင် အာဖဂန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်အနည်းငယ်သာ ထွက်ခွာ

လိမ့်မည်ဟုဆိုသည်။ မူလက တာဝန်ရှိသူများအနေဖြင့် ၂၀၁၅ ခုနှစ်အကုန်တွင် အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို ၅၅၀၀ အထိ လျှော့ချသွားရန် စီစဉ်ထားခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် အင်္ဂါနေ့ သတင်းစာရှင်းလင်းပွဲ မပြုလုပ်မီ အာဖဂန်၌ အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိရေး ဆွေးနွေးခဲ့ကြသည်။ အိုင်အက်စ်စစ်သွေးကြွများအနေဖြင့် အာဖဂန်၌ တပ်သား စုဆောင်းခြင်းနှင့် အခြားသောလုံခြုံရေး စိုးရိမ်နေရခြင်းများကြောင့် အမေရိကန်က တပ်ဖွဲ့ဝင် ၉စ၀၀ ကို ဆက်လက် ထားရှိသွားမည်ဟု ဝါရှင်တန်ကဆိုသည်။ မစ္စတာ ဂါနီ၏ လာရောက် လည်ပတ်မှုသည် နှစ်နိုင်ငံအကြား သမိုင်းသစ်ကို စတင်ရန် အခွင့်အလမ်းဖြစ်ကြောင်း မစ္စတာ အိုဘားမားက ပြောသည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

နှစ်(၇၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်

နေပြည်တော် မတ် ၂၅

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော်စစ်ရေးပြကွင်းကြီးအတွင်း ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာဝုံ)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ညွှန်ကြီးကွပ်ကဲရေးမှူး (ကြည်း၊ရေလေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မောင်မောင်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စုရပ်စစ်ရေးပြကွင်းမှ နေပြည်တော်စစ်ရေးပြကွင်းကြီးသို့ ချီတက်ရောက်ရှိလာသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် ဖုန်းမြတ် ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများတွင် စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးရဲနိုင် ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ကျော်ရွှေထွန်း ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းလှိုင် ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ဝင်းမောင်သိန်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးစိန်ဝင်း ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တာဝန်ရှိသူများအား ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ရရှိသည်။ **(မြဝတီ)**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အခြေခံစစ်ပညာသင်တန်း စက်ပစ်ကွင်းပစ်ခတ်မှု လက်တွေ့လေ့ကျင့်

စစ်ကိုင်း မတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ ဖွင့်လှစ်လျက်ရှိသော အခြေခံစစ်ပညာသင်တန်း အမှတ်စဉ်(၄၃/၂၀၁၅)၌ တက်ရောက်လျက်ရှိသည့် မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်း(တတိယနှစ်)မှ သင်တန်းသား ၈၉ ဦး၊ သင်တန်းသူ ၁၀၉ ဦး စုစုပေါင်း ၁၉၈ ဦးသည် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးသိန်းဌေး ဦးစီးပြီး ယနေ့တွင် ရွှေဘိုမြို့ အမှတ်(၈) စစ်အခြေခံလေ့ကျင့်ရေး တပ်ရင်းစက်ပစ်ကွင်း၌ လက်နက်ငယ်လက်တွေ့ပစ်ခတ်မှုကို လေ့ကျင့်ခဲ့ကြသည်။ **(ယာဝုံ)**

ရှေးဦးစွာ သင်တန်းသားသင်တန်းသူများသည် အမှတ်(၈) စစ်အခြေခံလေ့ကျင့်ရေးတပ်မှ တပ်စိတ်လိုက် တိုက်စစ်သရုပ်ပြမှုကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် သင်တန်းသားသင်တန်းသူ ၁၉၈ ဦးသည် ဘီအေ ၆၃ မောင်းပြန်ရိုင်ဖယ်(ကိုက် ၁၀၀) ကျည်စု၊ အမှတ်လိုက်နှင့် အမြန်ပစ်တို့ကို တစ်ဦးချင်းလက်တွေ့ ပစ်ခတ်ကြသည်။ မွန်းလွဲပိုင်းတွင် သင်တန်းသူများသည် အမ်အေ(၁) (ကိုက် ၁၀၀) ကျည်စု၊ အမှတ်လိုက်နှင့် အမြန်ပစ်တို့ကို တစ်ဦးချင်းလက်တွေ့ ပစ်ခတ်ကြပြီး ညနေ ၅ နာရီတွင် ပစ်ခတ်လေ့ကျင့်မှုကို ရပ်နား၍ မတ် ၂၆ ရက်တွင် ဆက်လက်လေ့ကျင့်သွားမည်ဖြစ်သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ အခြေခံစစ်ပညာသင်တန်း အမှတ်စဉ်(၄၃/၂၀၁၅)ကို မတ် ၃ ရက်မှ မတ် ၃၁ ရက်အထိ ဖွင့်လှစ်လျက်ရှိရာ ယနေ့ပြုလုပ်သည့် စက်ပစ်ကွင်းပစ်ခတ်စဉ်သို့ ဒုတိယပါမောက္ခချုပ်(စီမံ)၊ သင်တန်းနည်းပြ ဆရာ ၁၉ ဦး၊ တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် တပ်နယ်ရှိ လေ့ကျင့်ရေးတပ်မှ တာဝန်ရှိသူများ၊ စက်ပစ်ကွင်းနည်းပြများ လိုက်ပါကြီးကြပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းများ ရန်ကုန်မြို့၌ ပြည်သူသို့အခမဲ့ပြသမည်

နေပြည်တော် မတ် ၂၅

နှစ်(၇၀) ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းများကို ရန်ကုန်မြို့၊ ရှေ့ဆောင်ရုပ်ရှင်ရုံတွင် ၂၀၁၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ (တပ်မတော်နေ့)၌ အောက်ပါအတိုင်း ပြည်သူများအား အခမဲ့ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

စဉ်	ဂုဏ်ပြုဇာတ်လမ်းအမည်	၂၇-၃-၂၀၁၅ရက်နေ့ (ပြသမည့်အချိန်)
၁	အဖေနှင့် သားများ	နံနက် ၁၀ နာရီ (၁၀း၀၀)နာရီ
၂	ကြယ်စင်မော်ကွန်း	မွန်းလွဲ ၁၂ နာရီခွဲ (၁၂း၃၀)နာရီ
၃	အဖေတူသား	ညနေ ၃ နာရီခွဲ (၁၅း၃၀)နာရီ
၄	ကြယ်စင်မော်ကွန်း	ညနေ ၆ နာရီခွဲ (၁၈း၃၀)နာရီ
၅	သားကောင်းမိခင်	ည ၉ နာရီခွဲ (၂၁း၃၀)နာရီ

(သတင်းစဉ်)

ကိုးကန့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်

လားရှိုး မတ် ၂၅

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှုအထောက်အကူပြုကော်မတီသို့ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ မတ် ၂၄ ရက်က လားရှိုးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ခဲ့ကြပြီး မန္တလေးမြို့နေ ကိုးကန့်တိုင်းရင်းသားမိသားစုများက လျှုဒါန်းငွေ ကျပ်သိန်း ၁၅၀ ကို ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံယူခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **ဟန်ဌေး(iprd)**

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

ရန်ကုန်မြစ်ကြောင်း ဗိုလ်တထောင်ဘုရားမှ သန်လျင်ရေနံချက်စက်ရုံအကြားရှိ သန်လျက်စွန်းအတွင်း စည်းခဲ့ရေလမ်းကြောင်းတွင် ၂၈-၃-၂၀၁၅ရက်မှ ၁၀-၄-၂၀၁၅ ရက်အထိ အထူးသောင်တူးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါ၍ အဆိုပါသောင်တူးလုပ်ငန်းခွင် ဧရိယာအတွင်း သွားလာနေသောရေယာဉ်များသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ရေကြောင်းသတိပေးချက်ထုတ်ပြန်အပ်ပါသည်-

(က) သောင်တူးလုပ်ငန်းခွင်ဧရိယာအတွင်း ရေယာဉ်များအားလုံးညဘက် (နေဝင်ချိန်မှ နေထွက်ချိန်အတွင်း)ဝင်ထွက်ခုတ်မောင်းသွားလာခြင်းမပြုရန်။

(ခ) နေ့ဘက်ဝင်ထွက်သောရေယာဉ်များသည် ဆက်သွယ်ရေးစက် VHF Channel- 16 တွင် သောင်တူးရေယာဉ်အင်တီဂွန်နှင့် ကြိုတင်ဆက်သွယ်ပြီးမှ ဖြတ်သန်းသွားလာရန်။

(ဂ) တွဲဆွဲသွားလာနေသော တွဲရေယာဉ်များသည် ရေဆန်ဖြင့် နေ့ဘက်၌သာ ဝင်ထွက်သွားလာရန်နှင့် စက်အားကောင်းသည့် တွန်းရေယာဉ်များကိုသာ အသုံးပြုသွားလာရန်။

(ဃ) အခြေအနေအရ သောင်တူးရေယာဉ်လမ်းကြောင်းကို ဖြတ်သန်းပြီး ဝင်ထွက်ရမည်ဆိုလျှင် ရေယာဉ်ဦးတည်လမ်းကြောင်း၏ရှေ့မှ ဖြတ်မဝင်ဘဲ နောက်ဘက်(ပဲ့ပိုင်း)မှသာ ဖြတ်သန်းရန်။

(င) သဲသမ္မန်များသည် ရေတက်ဦးဖြင့် စုပ်ပြုဝင်ရောက်ခြင်းမပြုဘဲ ရေကျမကုန်မီ ရေဆန်ဖြင့် ကြီးကြပ်ရေးရေယာဉ်ဖြင့် ကြိုတင်ဆက်သွယ်ညှိနှိုင်းပြီး သောင်တူးရေယာဉ်နှင့် လွတ်ကင်းချိန်ကို ချိန်ဆ၍ဝင်ထွက်ရန်။

(စ) သောင်တူးရေယာဉ်သည် သောင်တူးကိရိယာများချထား၍ သောင်တူးနေစဉ် သတ်မှတ်လမ်းကြောင်းမှ ဖယ်ရှားတိမ်းရှောင်ပေးခြင်း မပြုနိုင်သဖြင့် ဖြတ်သန်းသွားလာသော ရေယာဉ်များသည် လုံလောက်သောအချိန်အတွင်း လုံလောက်သော အကွာအဝေးမှ ရှောင်တိမ်းသွားလာကြရန်၊ လွတ်ကင်းနိုင်မှုမရှိဟု တွက်ဆရပါက အသွားနှုန်းလျှော့ခြင်း ရေဆန်ဘက်ဦးလှည့်၍ ရပ်တန့်ထားပြီး သောင်တူးရေယာဉ်နှင့် လွတ်ကင်းမှသာ ဖြတ်သန်းသွားလာရန်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄/၃၄၁၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

ဥတုရာသီ တောကိုမှီ

နှစ် (၇၀) ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

သွေးအနီပြိုင်ကြမည် (ကိုဗလ)

မြန်မာ့ပြည်လွတ်လပ်ရေးကို ရဖို့အလုပ်မှာ ဘယ်သူ့ဆီက အကူအညီရရ လုပ်ရမယ်ဆိုတဲ့ သဘောဖြစ်တယ်။ ဂျပန်တွေ မြန်မာပြည်လာစေချင်လို့ မဟုတ်ဘူး။

ဟိုအခါတုန်းက စစ်ကြီးရဲ့အခြေအနေကိုကြည့်တော့ ဂျပန်တွေဟာ မြန်မာပြည်ကို လာတိုက်ချင်တိုက်မှာကို မြင်ခဲ့တယ်။ သူတို့က တရုတ်ပြည်ကြီးကို တိုက်တဲ့နေရာမှာ ဒ့ီပြင် နိုင်ငံကလေးတွေကို တိုက်မှုဖြစ်မယ်ဆိုတဲ့ သဘောနဲ့ အခြားနိုင်ငံတွေကိုတိုက်ဖို့၊ သိမ်းဖို့ရည်ရွယ်ချက်ရှိခဲ့တယ်။ သူတို့ နောက်ဆုံးဝင်တိုက်လာတယ်။ ကျွန်တော်တို့ မြန်မာပြည်ဝင်တိုက်တဲ့နေရာမှာ အဲဒီအခါတုန်းက သူတို့ရဲ့အကူအညီ လက်နက်ခဲယမ်း မီးကျောက်ရအောင် ယူခဲ့ရတယ်။ မြန်မာပြည်ကို လွတ်လပ်ရေးပေးမယ်ဆိုတဲ့ သဘောမျိုးကူညီခဲ့တယ်။ အမှန်ကတော့ မျောက်ပြဆန်တောင်းဆိုတာ ဟိုတုန်းကတည်းက သိခဲ့ပါတယ်။

အင်္ဂလိပ်အပြေးမြန်တာ ဗမာတွေဝိုင်းချတာများလို့။ နောက်ချက်ချင်း သူ့ဝါဒတွေနဲ့ ပါးရိုက်ညှဉ်းပန်းခဲ့တာတွေ၊ အမျိုးသမီးတွေ ဖျက်ဆီးတာတွေ တွေ့ရတယ်။ တိုင်းသူပြည်သားတွေကိုတတ်နိုင်သမျှ ကူညီကာကွယ်ပေးခဲ့တယ်။ မတတ်နိုင်တာတွေလည်း ရှိတာပဲ။

ဘိအိုင်အေ အုပ်ချုပ်ရေးပြုလုပ်စဉ် ကာလတွေနဲ့ ဘာမဆိုင်ညာမဆိုင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းဖို့ကြံတယ်။ ဖျက်သိမ်းလို့မရတော့ ဗမာ့ကာကွယ်ရေး တပ်မတော်ဆိုပြီး စစ်သားနည်းနည်းနဲ့ ဖွဲ့စည်းပေးခဲ့

မြန်မာ့သမိုင်းကိုပြန်ကြည့်ပါက ရှေးဘုရင်များ လက်ထက်တွင် အမြဲတမ်းတပ်မတော်မရှိခဲ့ပေ။ နန်းတော်စောင့်တပ်လောက်သာရှိခဲ့သည်။ လိုအပ်မှသာ တိုင်းသူပြည်သားများကို စစ်သားအဖြစ် ဆင့်ခေါ်တိုက်ပွဲဝင်လေ့ရှိသည်။ ထို့ကြောင့်လည်း စက်မှုထွန်းကားပြီး တပ်မတော်များ စနစ်တကျဖွဲ့စည်းထားသည့် အင်္ဂလိပ်နယ်ချဲ့တို့ကို မယှဉ်နိုင်ဘဲ သူ့ကျွန်ဘဝကျရောက်ခဲ့ရခြင်းဖြစ်သည်။

သူ့ကျွန်ဘဝနှစ်ပေါင်း ၁၀၀ ကျော်ကြာလာသည့်အချိန်တွင် ခေတ်ပညာတတ်မျိုးချစ်လူငယ်များသည် နိုင်ငံရေးအသိအမြင်များ ပိုမိုကြွယ်ဝလာသည်။ မျိုးချစ်စိတ်တည်းဟူသော နှလုံးရည်တစ်ခုတည်းဖြင့် လွတ်လပ်ရေးမရနိုင်၊ လက်ရုံးရည်တည်းဟူသော လက်နက်ကိုင်တော်လှန်ရေးပါ ဆောင်ရွက်မှလွတ်လပ်မည်ကို သဘောပေါက်ခဲ့ကြသည်။ ဤသို့ဖြင့် သခင်အောင်ဆန်းနှင့် အာရှတိုက်သား ဂျပန်နိုင်ငံတို့ ဆက်သွယ်မိရာမှ မြန်မာ့တပ်မတော်ကြီး ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

သခင်အောင်ဆန်း ဦးဆောင်သော မျိုးချစ်လူငယ် ရဲဘော်သုံးကျိပ်သည် ဂျပန်အပိုင်ဖြစ်သော တရုတ်နိုင်ငံ တောင်ပိုင်းရှိဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတို့တွင် ဂျပန်တို့ သင်ပေးသော စစ်ပညာကို ပင်ပန်းဆင်းရဲကြီးစွာ သင်ယူကြသည်။ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံဗန်ကောက်မြို့သို့ ဂျပန်တပ်မှူးနှင့်အတူ ရောက်ရှိလာသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဗန်ကောက်မြို့ ထန္တမ်စတုံးလမ်းရှိ အင်္ဂလိပ်ပိုင် ဘော်နီယိုကုမ္ပဏီ၏ ခြံဝင်းကြီးအတွင်း၌ ရဲဘော်သုံးကျိပ်တို့သည် ပိုလ်အမည်ကို ခံယူခဲ့ကြသည်။ ဤသို့ဖြင့် သခင်အောင်ဆန်း(ဝါ) အိုမိုဒါမုဂျိသည် ပိုလ်တေဇဖြစ်လာသည်။

ထိုနေ့တွင် ယင်းခြံဝင်းကြီးအတွင်းရှိ မျက်စိအထူးကုဆရာဝန်ကြီး ဦးလွန်းဖေ၏နေအိမ်၌ ပိုလ်တေဇ ဦးဆောင်သော ရဲဘော်သုံးကျိပ်ဝင်များနှင့် ထိုင်းနိုင်ငံရောက် မြန်မာလူငယ်များ အစည်းအဝေးကျင်းပခဲ့သည်။ အစည်းအဝေးသို့ တက်ရောက်လာသော လူငယ် ၂၀၀ ကျော်ကို ပိုလ်တေဇက မိန့်ခွန်းပြောသည်။ အမိတိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်လိုသူများ တပ်မတော်သို့ ဝင်ရောက်ရန် ဖိတ်ခေါ်ရာ တပ်သားသစ် ၁၀၀ ကျော်ရရှိသည်။

ထို့နောက် ဦးလွန်းဖေ၏နေအိမ်တွင် ပိုလ်တေဇ ဦးဆောင်သော ရဲဘော်သုံးကျိပ်ဝင်များနှင့် ထိုင်းနိုင်ငံရောက် မြန်မာများသည် လွတ်လပ်ရေးအရယူမည်ဟု လက်မောင်းသွေးဖောက် သွေးသစ္စာဆိုကာ သစ္စာသွေးသောက်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ဖွဲ့စည်းလိုက်သည်။ ထိုနေ့သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် ဖြစ်သည်။ ယနေ့ မြန်မာ့တပ်မတော် စတင်သန္ဓေတည်ရာနေ့လည်း ဖြစ်သည်။

ပထမဆုံးစစ်ရေးပြအခမ်းအနား

ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းပြီးနောက် ၁၉၄၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထန္တမ်စတုံးလမ်းရှိ အင်္ဂလိပ်ပိုင် ဘော်နီယိုကုမ္ပဏီ၏ ခြံဝင်းကြီးအတွင်း စစ်ထွက်အခမ်းအနားကို ကျင်းပခဲ့သည်။ ထိုအခမ်းအနားသည် မြန်မာ့တပ်မတော်စတင်ပေါ်ပေါက်လာပြီးနောက် ပထမဆုံး စစ်ရေးပြအခမ်းအနားပင်ဖြစ်သည်။ အခမ်းအနားတွင် ပိုလ်မျှားကြီးဆူဇုကီး(ပိုလ်မိုးကြီး)နှင့် ပိုလ်ချုပ်အောင်ဆန်း (ပိုလ်တေဇ)တို့ မိန့်ခွန်းပြောကြားသည်။ ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်နှင့် စစ်ကြောင်းများ ဖွဲ့စည်းလိုက်သည်။ ယင်းနောက် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တပ်မတော်နှင့် အတူ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကာ နယ်ချဲ့အင်္ဂလိပ်တို့ကို တိုက်ထုတ်လိုက်သည်။

ပိုလ်ချုပ်အောင်ဆန်း၏ တော်လှန်ရေးမိန့်ခွန်း

ဂျပန်အစိုးရသည် ပိုလ်ချုပ်အောင်ဆန်း ရေးဆွဲတင်ပြသည့် "ဗမာပြည်လွတ်လပ်ရေးစီမံကိန်း"ကို အတည်ပြုလက်ခံခဲ့သည်။ မြန်မာ့သမိုင်းတွင် ရဲဘော်သုံးကျိပ်ဟု ထင်ရှားမည့် သခင်အောင်ဆန်းဦးဆောင်သော မြန်မာလူငယ်တစ်စုကို စစ်ပညာသင်ပေးသည်။ ၁၉၄၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဂျပန်လွှတ်တော်၌ ဝန်ကြီးချုပ် တိုဂျိုက မြန်မာတို့က ဂျပန်ကို ကူညီလျှင် ဂျပန်တပ်မတော်က မြန်မာ့လွတ်လပ်ရေးအတွက် ကူညီမည်ဟုပြောသည်။ ထို့ပြင် ဇန်နဝါရီ ၂၂ ရက်တွင် ဂျပန်တပ်မတော် စစ်သေနာပတိ အက်စ်အီးဒါးကလည်း မြန်မာ့လွတ်လပ်ရေးကို ကူညီရန်အတွက် ဂျပန်တပ်မတော်ကြီး ချီလာပြီဟု အမိန့်တစ်ရပ်ထုတ်ခဲ့သည်။ အင်္ဂလိပ်လက်အောက်တွင် နှစ်ပေါင်းများစွာ နေလာခဲ့ရသော မြန်မာများက အာရှတိုက်သားဂျပန်ကို ကူညီခဲ့ကြသည်။

ဘုရင်ခံဆာဒေါ်မန်စမစ်အစိုးရအဖွဲ့ ၁၉၄၂ ခုနှစ် မေ ၄ ရက်တွင် အိန္ဒိယသို့ ထွက်ပြေးသွားသည်။ အင်္ဂလိပ်တို့၏ တမူးလမ်းမှတစ်ဆင့် အိန္ဒိယသို့ ဆုတ်ခွာမှုလည်း မေ ၂၀ ရက်တွင် ပြီးဆုံးသည်။ သို့ရာတွင် ဂျပန်တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးမပေးဘဲ နေသည်။

ဂျပန်တို့က ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် လွတ်လပ်ရေးပေးခဲ့သည်။ မြန်မာတစ်မျိုးသားလုံး လိုချင်သော လွတ်လပ်ရေးအစစ်မဟုတ်။ အတုသာဖြစ်ခဲ့သည်။ သို့ဖြစ်၍ ပိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ)က ဂျပန်ကိုတော်လှန်ရန် ပြင်ဆင်ခဲ့ရတော့သည်။

ဖက်ဆစ်ဂျပန်ကို တော်လှန်မည့် တပ်ထွက်ပွဲ(ခေါ်) စစ်ထွက်အခမ်းအနားကို ၁၉၄၅ ခုနှစ် မတ် ၁၇ ရက်တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်ရှိ ကွင်းပြင်ကြီး၊ ဘောင်ဒရီလမ်း(ဓမ္မစေတီလမ်း)နှင့် ဦးဝိစာရလမ်း ထောင့်ရှိ ဂေါ့ဖ်ကစားကွင်း (ယခုတော်လှန်ရေးပန်းခြံ နေရာ)တွင် ကျင်းပခဲ့သည်။ စစ်ထွက်အခမ်းအနားတွင် တပ်များများမရှိ။ တော်လှန်ရေးအတွက် နယ်များတွင် တပ်ဖြန့်ထားပြီးဖြစ်သည်။ ပါဝင်သည့်တပ်များအနေဖြင့် ထောက်ပံ့ရေးတပ်၊ ကင်းတပ်၊ ဆက်သွယ်ရေးတပ်၊ အမြောက်တပ်၊ မြင်းတပ်၊ စစ်ဝန်ကြီးရုံးအဖွဲ့ စသည်တို့ ပါဝင်သည်။ ကွင်းပတ်ဝန်းကျင်မှာတော့ ပြည်သူတို့က သပြေခက်များကိုင်ကာ တပ်အထွက်တွင် နှုတ်ဆက်ရန် စောင့်နေသည်။

မျိုးချစ်စိတ်တည်းဟူသော နှလုံးရည်တစ်ခုတည်းဖြင့် လွတ်လပ်ရေးမရနိုင်၊ လက်ရုံးရည်တည်းဟူသော လက်နက်ကိုင်တော်လှန်ရေးပါ ဆောင်ရွက်မှ လွတ်လပ်မည်ကို သဘောပေါက်ခဲ့ကြသည်။ ဤသို့ဖြင့် သခင်အောင်ဆန်းနှင့် အာရှတိုက်သား ဂျပန်နိုင်ငံတို့ ဆက်သွယ်မိရာမှ မြန်မာ့တပ်မတော်ကြီး ပေါ်ထွက်လာ

အခမ်းအနားတက်ရောက်သူများတွင် စင်မြင့်ထက်၌ မြန်မာနိုင်ငံအစိုးရ နိုင်ငံတော်အဓိပတိ ဒေါက်တာဘာမော်၊ ပိုလ်ချုပ်အောင်ဆန်း၊ ပိုလ်မှျားကြီးနေဝင်း၊ ဒုတိယဝန်ကြီးချုပ် သခင်မြ၊ ဂျပန်ပိုလ်ချုပ်ကီမူရာ၊ ဗမာ့တပ်မတော်၏ ဂျပန်အကြံပေးအရာရှိချုပ် ပိုလ်ချုပ် ဆကူ ရိုင်စသူတို့လည်း တက်ရောက်သည်။ အောက်ဘက် ပရိသတ်များကတော့ စစ်ဝန်ကြီးရုံးမှ ဗိုလ်ကြီး၊ ဗိုလ်မှူးများ၊ ဧည့်သည်များ နေရာယူထားသည်။

ဒေါက်တာဘာမော်က စစ်သေနာပတိချုပ်ဝတ်စုံနှင့် ခါးတွင်ဓားရှည်ကြီးကို ချိတ်ထားသည်။ ရာဇဝင်ကြွေးကို ဆပ်ခဲ့ကြဖို့ စကားလုံးပြောင်ပြောင် အသံဝဲဝဲဖြင့် ရဲဘော်များကိုမှာသည်။ ထို့နောက် စစ်ဝန်ကြီး ပိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြောသည်။ ၄င်းနောက် ဂျပန် ပိုလ်ချုပ်ကလည်း နှုတ်ဆက်အမှာစကားပြောသည်။ စစ်ထွက်အခမ်းအနားကျင်းပနေစဉ် ကောင်းကင်၌ ဂျပန်စစ်လေယာဉ် ၄-၅ စင်းက အနိမ့်ပျံလာပြီး စွမ်းရည်ပြကာ ဗမာ့တပ်မတော်ကို ဂုဏ်ပြုသည်။ ဂျပန်တို့သည် သူတို့ကို တော်လှန်သည့် စစ်ထွက်အခမ်းအနားဟုမသိ။ သံသယတော့ရှိနေခဲ့၏ ဖြစ်သည်။

ပိုလ်ချုပ်အောင်ဆန်းက သူ၏မိန့်ခွန်းကို စစ်သားနားလည်သော စစ်သားစကားဖြင့် ပြောသည်။ တိုတိုပြတ်ပြတ်ဖြင့် ရင်ထဲအသည်းထဲစွဲမြဲနေအောင် တိကျပြတ်သားစွာ ပြောသည်။ ထိုမိန့်ခွန်းမှာ- **"ရဲဘော်တို့ အကျယ်ချဲ့ပြီးရှည်ရှည်မပြောချင်ဘူး။ အခုစစ်မြေပြင်ကို ထွက်ရမယ်။ ဆင်းရဲမယ်။ တေ့မယ်။ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်။ ဗမာပီပီဗမာ့သွေးကိုပြပါ။ အထက်ဗိုလ်များရဲ့အမိန့်ကို နာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူ ချီတက်မယ်။ ဗမာ့ရန်သူကိုချေမှုန်းကြ။ အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ။ ဒါပဲ.."** ဟူ၍ဖြစ်သည်။

ပိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်ခဲ့သော တော်လှန်ရေးနှစ်ပတ်လည်နေ့များ

စစ်ထွက်အခမ်းအနားကို ရန်ကုန်မြို့၌ ကျင်းပပြီးနောက် ပိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် စစ်မြေပြင်ထွက်ခဲ့သည်။ မတ် ၂၇ ရက် ည ၇ နာရီတွင် သရက်မြို့ နယ် ပုဏ္ဏားရွာရှေ့တန်းစစ်ဌာနချုပ်မှ ဖက်ဆစ်ဂျပန်ကို စစ်ကြေညာခဲ့သည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် တစ်နိုင်ငံလုံးဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့သည်။ ထိုနေ့ကို တော်လှန်ရေးနေ့ဟုခေါ်ခဲ့သည်။

ပထမဆုံးတော်လှန်ရေးနေ့ နှစ်ပတ်လည်အခမ်းအနားကို ၁၉၄၆ ခုနှစ် မတ် ၂၇ ရက်တွင် ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံ (ယခုကန်တော်မင်္ဂလာပန်းခြံ)တွင် ကျင်းပခဲ့သည်။ ပိုလ်ချုပ်အောင်ဆန်းတက်ရောက်ခဲ့ပြီး **"ငါတို့သွေးအနီပြိုင်ခဲ့သောနေ့"** ခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားခဲ့သည်။ ထိုမိန့်ခွန်းတွင် ခေတ်အခြေအနေအရ ဂျပန်နှင့်ပေါင်းခဲ့ရပုံ၊ ဂျပန်ကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ပြန်လည်တော်လှန်ခဲ့ပုံများကို ရှင်းပြထားသည်။ မိန့်ခွန်းကောက်နုတ်ချက်ကို ဖော်ပြလိုက်ပါသည်။

"အတ္တလန္တိတ်ချာတာအရ နိုင်ငံကလေးတွေကို လွတ်လပ်ရေးပေးဖို့ ကြေညာခဲ့တယ်။ ကျွန်တော်တို့ မြန်မာပြည်နဲ့ အိန္ဒိယပြည်ကို မပါဘူးလို့ နန်းရင်းဝန်မစ္စတာချာချီကပြောခဲ့တယ်။ မြန်မာပြည် အခြေအနေဟာ တိုင်းသူပြည်သားများ အလိုကျမဖြစ်ဘဲနဲ့ သူများရဲ့ ကျူးကျော်စော်ကားခြင်းခံရမလိုဖြစ်နေတယ်။ ဒီလိုဖြစ်တဲ့ အတွက် လွတ်လပ်ရေး ရရာရကြောင်းကို တတ်နိုင်တဲ့ နည်းလမ်းတွေနဲ့ လုပ်ခဲ့ရတယ်။

ဒီတပ်မတော်လို့ ဖွဲ့စည်းပြီးမှ ယခုတစ်တိုင်းပြည် လုံးသိနေတဲ့စကားတစ်လုံးထွင်ခဲ့တယ်။ ဂျပန်ကိုဂျပန်လို့ ခေါ်ရင် ရိပ်မိမှာစိုးလို့ "မူတူး"လို့ ခေါ်ခဲ့ကြတာသိတဲ့ အတိုင်းပဲ။ မူတူးကို ပြန်တိုက်ဖို့လုပ်ကြတယ်။

အဲဒီလိုမလုပ်ခင် မြန်မာတစ်ပြည်လုံးကို တိုက်ခိုက်သိမ်းယူခဲ့ပြီးနောက် မြန်မာပြည်လွတ်လပ်ရေးမပေးခင် တစ်ကြိမ်၊ ၁၉၄၃ ခု ဒီဇင်ဘာလ မဟာမိတ်တွေနဲ့ အဆက်ရတော့ တစ်ကြိမ်တိုက်ဖို့ကြံတယ်။ ၁၉၄၄ ခုနှစ်မှာ ထကြွဖို့ကြံတော့ မဟာမိတ်တွေက စောစောစီးစီး မထစေချင်တဲ့ အကြောင်းတွေပြောပါတယ်။ နောက်ဆုံးမှာ ထကြွတော်လှန်တော့ ခင်ဗျားတို့ ဂျပန်ကို မတော်လှန်စေချင်ဘူးလို့ပင်ပြောပါတယ်။ ဒါ့ကြောင့် အင်္ဂလိပ်နိုင်ခါနီးမှ တော်လှန်တဲ့စကားဟာ မဟုတ်ပါဘူးဆိုတာ သိစေချင်တယ်။"

ပိုလ်ချုပ်အောင်ဆန်းသက်ရှိထင်ရှားရှိစဉ် ၁၉၄၇ ခုနှစ် မတ် ၂၇ ရက်တွင် အာလမ်မြို့ (ယခုအောင်လံမြို့)၌ ကျင်းပသော (၂)နှစ်မြောက် တော်လှန်ရေးအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ မိန့်ခွန်းခေါင်းစဉ်မှာ **"တော်လှန်ရေးနှစ်မျိုး"** ဖြစ်သည်။

ထိုမိန့်ခွန်းတွင် ပိုလ်ချုပ်အောင်ဆန်းက **" တော်လှန်တယ်ဆိုတာ အမိပ္ပာယ်ဘာလဲ၊ များသောအားဖြင့် ယူဆနေကြတာက သွေးထွက်သံယိုဖြစ်တဲ့ တော်လှန်ရေးကိုသာ တော်လှန်ရေးလို့ ယူဆနေကြပါတယ်။ ဒါဟာ လုံးဝမမှန်ဘူး။ တော်လှန်ရေးဟာ သွေးထွက်သံယိုရှိတဲ့ တော်လှန်ရေး၊ သွေးထွက်သံယိုမရှိတဲ့တော်လှန်ရေးရယ်လို့ နှစ်မျိုးရှိတယ်..."** ဟူ၍ ပြောခဲ့သည်။

တော်လှန်ရေးနေ့မှ တပ်မတော်နေ့သို့

မြန်မာနိုင်ငံတွင် နေထူးနေ့မြတ်များကို သတ်မှတ်ရာတွင် ကျောင်းသားများ အမျိုးသားရေးစိတ်ဓာတ်များ စတင်နိုးကြားခဲ့သည့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက် (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့သည်။

ထိုနည်းတူ ၁၉၅၅ ခုနှစ် မတ်လဆန်းတွင် ကျင်းပသည့် ဝန်ကြီးချုပ်ဦးနု၏ ဝန်ကြီးအဖွဲ့အစည်းအဝေးတွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့

ရွှေတိုက်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးအတည်ပြု

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၃)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁နာရီတွင်ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ၂၀၁၄ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ နယ်စပ်ရေးရာဝန်ကြီးဌာနဆိုင်ရာလုပ်ငန်း(၁)ခု၊ ပို့ဆောင်ရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်း(၁)ခု၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဆိုင်ရာ လုပ်ငန်း(၂)ခု စုစုပေါင်း လုပ်ငန်း(၄)ခုအတွက် ရန်ပုံငွေစုစုပေါင်း ကျပ်သန်း ၂၈၂၂ ဒသမ ၇၃၂၂၂ ခွဲဝေသုံးစွဲထားရှိမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် အမှတ်စဉ်များကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်း ပြန်လည်ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောကွဲလွဲသည့် အချက်များကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များကအကျေအလည် ဆွေးနွေးကြပြီး လွှတ်တော်ကပြင်ဆင်ချက်ပါအတိုင်း အတည်ပြုခဲ့သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်ကို ဖတ်ကြားတင်ပြရာ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ကျောင်းသူ ကျောင်းသားများ ပညာသင်ကြားရေးအတွက် နစ်နာမှုမရှိစေရန် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်အမိန့်များထုတ်ပြန်ပေး

နေပြည်တော် မတ် ၂၅

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၃)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး ပညာရေးကဏ္ဍနှင့်ပတ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပြန်လည်ဖြေကြားခဲ့သည်။

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ **ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေများမှ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တည်ဆောက်ခွင့်ရတင်ဒါအောင်ကုမ္ပဏီများ၏ မူလစာချုပ်ပါ သတ်မှတ်ချက်အတိုင်း အပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်း မရှိမှုအပေါ် မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆောက်အအုံ ဆောက်လုပ်ခွင့်ရရှိသော တင်ဒါအောင်ကုမ္ပဏီများကို စာချုပ်ပါ သတ်မှတ်ချက်အတိုင်း အပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်း မရှိပါက မူလစာချုပ်တွင် ပါရှိသည့် လုပ်ငန်းသတ်မှတ်ချိန်အတိုင်း အချိန်မီ မပြီးစီးပါက နောက်ကျကာလ တစ်ရက်အတွက် (၁၈၀ × ၃၀)ပေ တစ်ကျောင်းလျှင် ငွေကျပ် ၇၅၀၀ နှုန်း၊ (၁၂၀ × ၃၀)ပေ တစ်ကျောင်းလျှင် ငွေကျပ် ၆၀၀၀ နှုန်း၊(၁၀၀×

ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြေကြားစဉ်။ (သတင်းစဉ်)

၃၀)ပေ တစ်ကျောင်းလျှင် ငွေကျပ် ၄၅၀၀ နှုန်း၊ (၆၀ × ၃၀)ပေ တစ်ကျောင်းလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် သတ်မှတ်ဒဏ်ကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ အလားတူ စံချိန်စံညွှန်းမမီသည့်ပစ္စည်းများဖြင့် တည်ဆောက်ခြင်းနှင့် တင်ပြထားသော အရေ အတွက်ထက်လျော့၍ တည်ဆောက်ထားခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက ပြန်လည်အစားထိုး ပြင်ဆင်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ကုမ္ပဏီများနှင့်ပေါင်းပြီး မမှန်မကန် ထောက်ခံတင်ပြသော ကြီးကြပ်သူများကို စိစစ်တွေ့ရှိပါက ဌာနဆိုင်ရာစည်းမျဉ်းစည်းကမ်းနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ပါကြောင်း ဖြင့် ဖြေကြားခဲ့သည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **အခြေခံ ပညာကျောင်းများအဆင့် မြှင့် တင်ခြင်း၊ ဆရာ၊ ဆရာမများ ရာထူးတိုးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်းများကို ကျောင်းသားများ ထိခိုက်နစ်နာမှု မရှိစေရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျောင်းများအဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် သတ်မှတ်မူဘောင်များနှင့်အညီ နှစ်စဉ် မေလ ၁၅ရက်မတိုင်မီ ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူပြီး ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ကြားရေးအတွက် ထိခိုက်နစ်နာမှု မရှိစေရန် မေလအတွင်း ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်အမိန့်များထုတ်ပြန် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အဆို

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပါ ကျောင်းများအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ ခန့်ထားနိုင်ရေးကို သီးခြားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပညာသင်နှစ်အတွင်း ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ကြားရေးအတွက် ထိခိုက်မှုမရှိစေရေးအတွက် သက်ဆိုင်ရာကျောင်းများမှ ပြောင်းရွှေ့ခွင့်ရသူများ၊ ရာထူးတိုးပြောင်းရွှေ့ခွင့်ရသူများကို လူစားထိုး ရောက်ရှိမှသာ တာဝန်ကျရာကျောင်းသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း ဖြင့် ဖြေကြားခဲ့သည်။

ကြည့်မြင်တိုင် မဲဆန္ဒနယ်မှ ဦးသန်းစိန်၏ **ကြည့်မြင်တိုင်မြို့နယ် မြို့ဘက်ကမ်းမှ တစ်ဖက်ကမ်းရှိ ကျေးရွာများသို့ ပြည်ထောင်စုအစိုးရ ဘတ်ဂျက်ငွေဖြင့် တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြစ်ကူးတံတား ကြည့်မြင်တိုင်-အေးရွာတံတားစီမံကိန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံ JICA အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မဟာရန်ကုန်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်(၂၀၄၀)တွင် ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ကြည့်မြင်တိုင်-အေးရွာ အနီးတွင် လှိုင်မြစ်ကူးတံတား တည်ဆောက်နိုင်ပါက ရန်ကုန်မြို့တော်အတွင်း လမ်းကွန်ရက်အသစ်ပေါ်ပေါက်လာနိုင်ခြင်း၊ မြို့ပြကို ချဲ့ထွင်နိုင်ခြင်းနှင့် ယာဉ်ကြော ပိတ်ဆို့မှုများကို လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများသာမက တည်ဆောက်ရေးအဆင့်မြင့် နည်းပညာများကို မြန်မာအင်ဂျင်နီယာများရရှိလာနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် လှိုင်မြစ်ကူးတံတား တည်ဆောက်ရေးအတွက် အကြိုဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ဆောင်ရွက်ပြီးစီး၍ အသေးစိတ်ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြင့် ဖြေကြားခဲ့သည်။

ယနေ့ အစည်းအဝေးတွင် မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏ **ကျေးလက်၊ မြို့နယ်၊ ခရိုင်များကို အဓိကဆက်သွယ်ပေးသော လူမှုရေး၊ စီးပွားရေး အစအဓိကကျသည့် ခရိုင်ချင်းဆက်လမ်းများ၊ ဒီစတြိတ်ကောင်စီလမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူလွှဲပြောင်း လည်ပတ်ဆောင်ရွက်ပေးနိုင်ရန်** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေး

နေပြည်တော် မတ် ၂၅

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၄)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပပြီး အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုက ပြဋ္ဌာန်းထားရှိသော အမျိုးသားပညာရေးဥပဒေနှင့် ယခုတင်ပြသော အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့တွင် "မူကြို ပညာရေး"ဆိုသော အသုံးအနှုန်းများကို တွေ့ရှိရပါကြောင်း၊ "မူကြို" ဆိုသည်မှာ "မူလတန်းကြို"ကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ဥပဒေတွင် အတိုကောက်စကားလုံးများကို သုံးနှုန်းရန်မသင့်ပါသဖြင့် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဏ) ကို မူကြိုပညာရေးဆိုသည်မှာ အသက်သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံ ပညာဆက်လက်သင်ယူနိုင်ရေးတို့ အတွက် ပြုစုပျိုးထောင်ပေးသော မူလတန်းကြိုပညာရေးကို ဆိုသည်ဟု ပြင်ဆင်ရေးသားနိုင်ရန် အကြံပြုလိုပါကြောင်း။

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး အောင်ကိုမင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အပိုဒ် ၁၅ တွင် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၁၉ ကို အစားထိုးရာ၌ "မိခင်တိုင်းရင်းသားဘာသာစကား" ဆိုသည့် စကားရပ်ကို ရှင်းရှင်းလင်းလင်းဖြစ်စေရန် "သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကား" ဟုပြင်ဆင် ရေးသားသင့်ပါကြောင်းကို အကြံပြုလိုပါကြောင်း၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် မသန်စွမ်းသူများ ပညာသင်ယူနိုင်ရေးအတွက် လိုအပ်နေသော အစီအမံများ၊ အထောက်အကူပြု ပစ္စည်းကိရိယာများ၊ သင်ကြားနည်းစနစ်များနှင့် အထူးပညာရေး အစီ

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု ဆွေးနွေးစဉ်။ (သတင်းစဉ်)

အစဉ်ဖြင့် သင်ကြားပေးသော ကျောင်းများ ထူထောင်ဆောင်ရွက်ပေးမည့် ဥပဒေတစ်ရပ် ပေါ်ထွန်းလာရန် ကြိုးပမ်းထားကြောင်းတွေ့ရ၍ ပြည်ထောင်စုဖွားတိုင်းရင်းသားမသန်စွမ်းသူများအတွက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ပြင်ဆင်ချက်များကို အလေးအနက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး အောင်ကိုမင်းက ဆွေးနွေးရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အမှန်တကယ်အကျိုးပြုနိုင်သည့် စိတ်ရင်းစေတနာ

စာမျက်နှာ ၈ ကော်လံ ၂ သို့

ပြည်တွင်းသတင်း

* ရှေ့ဖုံးမှ

အလားတူ ၂၀၁၅ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ကျရောက်သော ဘဏ်လားဒ့ေ်ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ ဘဏ်လားဒ့ေ်ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စစ် ရှိတ်ဟာဆီနာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အမျိုးသားလွတ်တော်မှ

မှန်ကန်စွာတွေးခေါ်နိုင်ရန် လိုအပ်ပါကြောင်း၊ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂ (ဆ)တွင် လွတ်လပ်စွာ တွေးခေါ်၍ဟူသော စကားရပ်မထည့်လျှင်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာတွေးခေါ်ခြင်းစကားရပ်ကြောင့် မှားယွင်းသည့်အတွေးများ တွေးနိုင်သည့်အတွက် ဘက်စုံအတွေးအခေါ် မှန်ကန်၍ဟူသော စကားရပ်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်က "အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်း မြှင့်တင်ပြီး လွတ်လပ်စွာ တွေးခေါ်၍ အကျင့်စာရိတ္တ ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ခေတ်စနစ်၏ လိုအပ်ချက်နှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကိုဆိုသည်" စကားရပ်အစား "အမျိုးသားပညာရေးဆိုသည်မှာ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်း အမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားမြှင့်တင်ပြီး စဉ်းစားတွေးခေါ်တတ်၍ ကိုယ်ကျင့်တရား ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရန်နှင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်" ဟု အစားထိုး ပြောင်းလဲလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွတ်တော် ဥပဒေကြမ်းကော်မတီနှင့် ဒီမိုကရေစီ ပညာရေးစစ်ကြောင်းများကို အားပေးထောက်ခံကူညီခဲ့သည့် ပြည်သူကိုယ်စားလှယ်များ အမျိုးသားလွတ်တော် ခန်းမတွင် ဆက်လက်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံရေး၊ ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍ(၇)ခုအား သတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကဏ္ဍများအနက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံရေးကဏ္ဍ လျင်မြန်စွာ ရလဒ်ကောင်းများရရှိရေးအတွက် **ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့**အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ အဆိုပါအထူးလုပ်ငန်းအဖွဲ့သည် ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ၏ လက်ရှိစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများအား နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အစိုးရ၊ ပုဂ္ဂလိက အပြန်အလှန် ညှိနှိုင်းပေါင်းစပ်မှုများဖြင့် လုပ်ငန်းတိုင်းမှ ပို့ကုန်ဝင်ငွေတိုးတက် ရရှိရေးအတွက် ယှဉ်ပြိုင်အကျိုးကျေးဇူးများနှင့် အလားလာများအား ရှာဖွေလျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Myanmar Development Cooperation Forum- MDCF)၌ အမျိုးသား ပို့ကုန် မဟာဗျူဟာ ပေါ်ပေါက်လာရေးအား စတင်အုတ်မြစ်ချမှတ်ခဲ့ပြီး တစ်နှစ်အတွင်း ကဏ္ဍ ၁၁ ခု အတွက် အသေးစိတ်မဟာဗျူဟာများ ရေးဆွဲဖော်ထုတ်နိုင်ပြီဖြစ်ပါကြောင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာသည် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပို့ကုန်အမယ် ချဲ့ထွင်တင်ပို့နိုင်ရေးတို့အတွက် လမ်းပြမြေပုံတစ်ခုဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ မဟာဗျူဟာအစီရင်ခံစာ ပေါ်ထွက်လာရေး အကူအညီပေးခဲ့သည့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC)၊ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန(BMZ)နှင့် ဂျာမနီနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (GIZ)တို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးသော အခြားနိုင်ငံတကာ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

ပို့ကုန်မဟာဗျူဟာတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားနိုင်သည့် လုပ်ငန်းနယ်ပယ်များအား ရှင်းလင်းတိကျစွာ ဖော်ပြထား ပါကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာအား အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာအကဲဖြတ် လမ်းညွှန်မှုပေးနိုင်ရန် မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအား တည်ထောင်ထားပြီး ဖြစ်ပါကြောင်း။

အမျိုးသားပို့ကုန်မဟာဗျူဟာအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အရေးကြီးသည့်အချိန် ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်နေသည့် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပါဝင်ပတ်သက်သူများ အားလုံး လုပ်ငန်းစီမံချက်နှင့်အညီ အကောင်အထည်ဖော်ရာတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် နှင့် လုပ်ငန်းစဉ်တစ်လျှောက် တက်ကြွစွာ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အစိုးရနှင့် ပုဂ္ဂလိကတို့အကြား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချက်မှ ရရှိခဲ့သည့် အမျိုးသားပို့ကုန်မဟာဗျူဟာမှတစ်ဆင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးအား ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ အမျိုးသား ပို့ကုန် မဟာဗျူဟာအား ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲမှုလျော့ကျရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး အချိုးကျ တိုးတက်ရေးဆိုသည့် မိမိတို့၏ အဓိကရည်မှန်းချက်များ ကိုရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ထို့မှတစ်ဆင့် **"မြန်မာနိုင်ငံသည် ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝမှုဆီသို့"** ဆိုသည့်မျှော်မှန်းချက်အား အောင်မြင်စွာရောက်ရှိမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မြန်မာအမျိုးသားပို့ကုန် မဟာဗျူဟာ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန အမှုဆောင်ညွှန်ကြားရေးမှူး မစ္စအရန်ချာဂွန်ဇာလက်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌဦးဝင်းအောင်၊ ဂျာမနီနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ)မှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms. Petra Schill နှင့် ကမ္ဘာ့ဘဏ်မှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ulrich Zachau တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသား ပို့ကုန်မဟာဗျူဟာ လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာနအမှုဆောင် ညွှန်ကြားရေးမှူး မစ္စအရန်ချာဂွန်ဇာလက်တို့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနတို့ ပူးပေါင်း ဆောင်ရွက်မည့် "ဆီထွက်သီးနှံကဏ္ဍအပေါ် အစားအစာ လုံခြုံစိတ်ချရမှုနှင့် အပင်နှင့် ပိုးမွှားရောဂါ ကာကွယ်ရေးအစီအမံများဆိုင်ရာ စီမံကိန်း" နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဒုတိယသမ္မတက မြန်မာနိုင်ငံအမျိုးသားပို့ကုန် မဟာဗျူဟာ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများတွင် ကူညီပံ့ပိုးခဲ့ကြသည့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန အမှုဆောင် ညွှန်ကြားရေးမှူး မစ္စအရန်ချာဂွန်ဇာလက်၊ ဂျာမနီနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (GIZ)မှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Petra Schill နှင့် နယ်သာလန်နိုင်ငံ ဖွံ့ဖြိုးဆဲနိုင်ငံများ သွင်းကုန်မြှင့်တင်ရေး ဗဟိုဌာနမှ အာရှဖွံ့ဖြိုးရေးအကြီးအကဲ Ms. Anne Kempers တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မြန်မာနိုင်ငံ အမျိုးသားပို့ကုန် မဟာဗျူဟာ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

'မြန်မာနိုင်ငံတွင် တပ်မတော်ကို ဂုဏ်ပြုသည့်နေ့ ရှိသင့်ကြောင်း၊ ထိုနေ့ကို သတ်မှတ်ရာတွင် ဖက်ဆစ်ဂျပန်ကို အသက်ပေါနမထားဘဲ စွန့်လွှတ်စွန့်စားတိုက်ခိုက်ခဲ့သည့် ဗမာ့တပ်မတော်သားများကို ဂုဏ်ပြုသောအားဖြင့် မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့အဖြစ် သတ်မှတ်သင့်ကြောင်း' ဆုံးဖြတ်ခဲ့သည်။ ဤသို့ဖြင့် တော်လှန်ရေးနေ့မှသည် တပ်မတော်နေ့ ဖြစ်လာရခြင်းဖြစ်သည်။

ပါလီမန် ဒီမိုကရေစီအစိုးရလက်ထက်တွင် "တပ်မတော်နေ့"ဟု စတင်ကျင်းပခဲ့သည်ဆိုသော်လည်း ၁၉၄၅ ခုနှစ် တော်လှန်ရေးမတိုင်မီ ပိုလ်ချုပ်အောင်ဆန်း ဦးဆောင်၍ တပ်မတော်နေ့ကျင်းပခဲ့ဖူးကြောင်း လည်းလေ့လာတွေ့ရှိရသည်။

ဂျပန်ခေတ် ပထမဆုံးတပ်မတော်နေ့ကို ၁၉၄၅ ခုနှစ် ဇန်နဝါရီလ ၂ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး စစ်ဝန်ကြီး ပိုလ်ချုပ်အောင်ဆန်းတက်ရောက် မိန့်ခွန်းပြောကြားခဲ့သည်။ ပိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းတွင် "ယနေ့ ဤနေ့ ဤအချိန်ကာလကစပြီး ဗမာ့တပ်မတော်နေ့တွင် သိဂုံတွဲရကုန်းတော်ကို ရှေးရှု၍ ဗမာ့လွတ်လပ်ရေးအတွက် အသေခံပြီး ရန်သူများကို နှိမ်နင်းမည်ဆိုတာကို သစ္စာအဓိဋ္ဌာန်ပြုကြစို့. . " ဟု မိန့်ကြားသွားသည်။

ပထမဆုံးကျင်းပသည့် တပ်မတော်နေ့နှင့် ပတ်သက်၍ လေ့လာရာတွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ဖွဲ့စည်းပြီးနောက် ၁၉၄၂ ခုနှစ် ဇန်နဝါရီ ၂ ရက်သည် မြန်မာပြည်တွင်း ဝင်မည့်စစ်ကြောင်းများကို လက်နက်များ စတင်တပ်ဆင်သည့်နေ့ဖြစ်ကြောင်း တွေ့ရသည်။

ဖက်ဆစ်ဂျပန်ကိုတော်လှန်ခဲ့သည့် မတ်လ ၂၇ ရက်နေ့ကို တော်လှန်ရေးနေ့၊ တပ်မတော်နေ့စသည်ဖြင့် နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ပွင့်လင်း မြင်သာသည့်ခေတ်တွင် ပို၍သက်ဝင်လှုပ်ရှားမှုရှိသည်ဟု ဆိုရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ယနေ့ မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာခြင်းဖြစ်ရာ အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သည့် သမိုင်းအစဉ်အလာကြီးမားသည်။ မျိုးစေ့မှန်မှ အပင်သန်သည်ဟု ဆိုသည့်အတိုင်း ယနေ့တိုင်းရင်းသားပေါင်းစုံပါဝင်သော ပြည်ထောင်စုတပ်မတော်ကြီးအဖြစ် ရှင်သန်ရပ်တည်လျက်ရှိသည်။ ထိုတပ်မတော်ဖြင့် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ ထာဝရအခွန့်ရှည်တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။ ဤသို့ထမ်းဆောင်နိုင်ရန် ခေတ်မီသော တပ်မတော်ကြီးအဖြစ် ရှေ့သို့သာချီလေသည့် တပ်မတော်ကြီးဖြစ်ပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘဏ်လားဒ့ေ်ရှ်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၅ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင်ကျရောက်သော ဘဏ်လားဒ့ေ်ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘဏ်လားဒ့ေ်ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ အတ္တူလ်ဟာဆန် မာမွတ်အလီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

❁ ကျောဖုံးမှ

မြန်မာ ယူ-၂၀ အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဥရောပ ငါးနိုင်ငံတွင် တစ်လကျော်ကြာ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ဆားဘီးယားနိုင်ငံအပြီးတွင် ဂျာမနီ၊ နယ်သာလန်၊ ဟန်ဂေရီနှင့် ဆလိုဗက်ကီးယားနိုင်ငံများသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။ မြန်မာ ယူ-၂၀ အသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(က) ၌ အမေရိကန်၊ ယူကရိန်း၊ နယူးဇီလန်အသင်းတို့နှင့် လည်းကောင်း၊ ဆားဘီးယားအသင်းမှာ အုပ်စု (ဃ) ၌ မက္ကဆီကို၊ ဥရုဂွေး၊ မာလီအသင်းတို့နှင့် အတူ ကျရောက်လျက်ရှိသည်။

ထူးခြားသည့် နေ့အပူချိန်များ

ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေ ချိန်မှားမှာ ပေါင်မြို့တွင် ၂ဒသမ ၅၆ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၂ ဒသမ ၄၃ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၁၆ လက်မ၊ ဟူမွလင်းမြို့တွင် ၂ ဒသမ ၀၀ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၁၁ လက်မနှင့် ရန်ကုန်(မြို့လယ်)တွင် ၀ ဒသမ ၉၀ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

ရေတွေ့ဆုံပေးမြန်းခြင်း

စာနယ်ဇင်းအသိအမြင် တိုးပွားစေပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို မြင်တွေ့စေမည့် IPI ညီလာခံ

ရန်ကုန် မတ် ၂၅

လူသားများအကြား နားလည်စာနာမှုရှိရန် အခြေခံလိုအပ်ချက်အနေဖြင့် ကမ္ဘာ့စာနယ်ဇင်းသမားများအကြား နားလည်စာနာမှုရှိရေးအတွက် ဖွဲ့စည်းတည်ထောင်ခဲ့သည့် နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း (IPI)၏ (၆၅) ကြိမ်မြောက် ကမ္ဘာ့ညီလာခံကို မတ် ၂၇ ရက်မှ ၂၉ ရက်နေ့အထိ သုံးရက်တာ ကျင်းပတော့မည်ဖြစ်သည်။

IPI ညီလာခံသို့ ကမ္ဘာတစ်စန်းမှ ထင်ရှားကျော်ကြားသော မီဒီယာအဖွဲ့အစည်းများ၊ ထုတ်ဝေသူများ၊ အယ်ဒီတာများ၊ သတင်းစာဆရာများ စသဖြင့် မီဒီယာဆိုင်ရာ ကဏ္ဍစုံမှ ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်လေ့ရှိရာ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်ကျင်းပမည့် ညီလာခံတွင် ပါဝင်ဆွေးနွေးကြမည့် မြန်မာ့မီဒီယာအဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများ အချို့နှင့် တွေ့ဆုံမေးမြန်းမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

ဦးသောင်းစုဦးမိုး
မန်နေဂျင်းဒါရိုက်တာ
Information Matrix ကုမ္ပဏီ

IPI World Congress ရဲ့(၆၅)ကြိမ်မြောက်ပွဲကို မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် ကျင်းပတော့မှာဖြစ်ပါတယ်။ ဒီပွဲမှာ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာက မီဒီယာလုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်နေတဲ့ အဖွဲ့အစည်းအသီးသီးက ထုတ်လုပ်သူ၊ အယ်ဒီတာ၊ ဂျာနယ်လစ်တွေရဲ့ အတွေ့အကြုံနဲ့ အမြင်တွေ ထိတွေ့ဖလှယ်ခွင့်ရတယ်ဆိုတော့ ကျွန်တော်တို့ စိတ်ဝင်စားတာနဲ့ စတင်ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။ လောလောဆယ်မှာ မီဒီယာမိတ်ဖက်အဖွဲ့အစည်းအနေနဲ့ ပါဝင်ထားပါပြီ။ ပွဲနဲ့ပတ်သက်တဲ့ ပစ္စည်း၊ ပစ္စယအချို့ ထောက်ပံ့ဖို့ လိုအပ်တဲ့အပိုင်းမှာ ပါဝင်ဆောင်ရွက်ပေးနေပါတယ်။ နောက်ပြီး နိုင်ငံတကာက လာရောက်ကြမယ့် သတင်းထောက်တွေကိုလည်း 7 Day သတင်းခန်းကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ထားပါတယ်။

ဒီဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးသူအနေနဲ့ မီဒီယာလုပ်ငန်းတွေရဲ့ ဝင်ငွေအကျိုးအမြတ်တွေ၊ လုပ်ငန်းနယ်ပယ်နဲ့ ပတ်သက်ပြီး ဆွေးနွေးရမှာဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ်မီဒီယာနဲ့ လူမှုကွန်ရက်မီဒီယာတွေကြောင့် မီဒီယာလုပ်ငန်းရဲ့ ဝင်ငွေပိုင်းဆိုင်ရာ ပြောင်းလဲမှုတွေ စတင်ဖြစ်ပေါ်နေပါပြီ။ဒါတွေကြောင့် မီဒီယာလုပ်ငန်းတွေအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်နိုင်လဲ။ ဒီလိုစိန်ခေါ်မှုတွေကို ဘယ်လို ရင်ဆိုင်ကြမလဲဆိုတဲ့အပေါ်မှာ အမြင်တွေ ဖလှယ်မှာဖြစ်ပါတယ်။

နိုင်ငံတကာမှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ မီဒီယာရေစီးကြောင်းအရ ပုံနှိပ်မီဒီယာက ကျဆင်းနေတယ်ဆိုတာ သိရပါတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံတွေရဲ့ သတင်းလုပ်ငန်းအခြေအနေတွေမှာလည်း လွန်ခဲ့တဲ့ ၁၀ နှစ်၊ ၁၅ နှစ်လောက်က အခြေအနေနဲ့ လုံးဝမတူတော့ဘူး။ အရင်က အမေရိကာ၊ ယူကေနဲ့ ကနေဒါစတဲ့ ကမ္ဘာ့နိုင်ငံကြီးတွေမှာဆိုရင် သတင်းစာဖတ်တဲ့အားက အိမ်ထောင်စုရဲ့ ငါးဆယ်ရာခိုင်နှုန်းလောက်ရှိပြီး အိမ်ထောင်စုထက်ဝက်လောက်က သတင်းစာတွေ နေ့စဉ်ယူကြပါတယ်။ သတင်းစာကို အားကိုးပြီး သတင်းစာလုပ်ငန်းတွေလည်း တိုးတက်အောင်မြင်ခဲ့ကြတယ်။ ပြီးခဲ့တဲ့ ၁၀ နှစ် ၁၅ နှစ်လောက်ကနေစပြီးတော့ ဒစ်ဂျစ်တယ်မီဒီယာဆိုတာ ပေါ်လာပြီး အင်တာနက်ပေါ်ကနေ လူတွေက သတင်းတွေ ဖတ်လို့ရလာတယ်။ ဒ့ါထက်ပိုပြီး တွန်းအားဖြစ်စေတာက ၂၀၁၀ ဝန်းကျင် နောက်ပိုင်းလောက်မှာ စမတ်ဖုန်းတွေပေါ်လာပြီး လူတိုင်းလက်ထဲမှာ ငါးလက်မ အရွယ် ဖန်သားပြင်လေးတစ်ခုက သွားလေရာမှာပါလာတော့ အဲ့ဒီအပေါ်မှာ သတင်းကိုအချိန်နဲ့ တစ်ပြေးညီ ရယူလာနိုင်တယ်။ အထူးသဖြင့် လူငယ် တွေအချိန်နဲ့ တစ်ပြေးညီ ၂၄ နာရီ လုံး သတင်းကို ရယူသုံးစွဲမယ်ဆိုတဲ့ပုံစံမျိုး ပြောင်းလာတယ်။

ကမ္ဘာ့နိုင်ငံကြီးတွေမှာလည်း အိမ်ခြေရဲ့ ထက်ဝက်ကျော် သတင်းစာယူနေရာက သုံးပုံတစ်ပုံလောက်ပဲ သတင်းစာယူတော့တဲ့ ပုံစံမျိုး ဖြစ်လာတယ်။ သတင်းစာဖတ်တဲ့ အရေအတွက် လျော့သွားတာမျိုး မဟုတ်ဘဲ သတင်းကတော့ ပိုမိုသုံးစွဲလာတယ်။ ပုံနှိပ်သတင်းစာကို နေ့စဉ်နံနက်တိုင်း ယူမယ်ဆိုတဲ့ အလေ့အကျင့်တစ်ခု ပြောင်းသွားပြီး အွန်လိုင်းပေါ်ကို ပြောင်းသွားတယ်။ သတင်းမီဒီယာ လုပ်ငန်းတွေ အတွက် စာဖတ်သူအရေအတွက် စုစုပေါင်းမှာ လျော့မသွားဘဲ ပိုပြီးတော့ တိုးလာတယ်လို့တောင် ပြောလို့ရတယ်။အထူးသဖြင့် ကမ္ဘာကျော်နယူးယောက်တိုင်းစ်၊ ဒေးလီးမေးလ်လို သတင်းစာကြီးတွေမှာ သူတို့ရဲ့ စာဖတ်ပရိသတ်ဦးရေက သန်းပေါင်း ဆယ်ဂဏန်း၊ ရာဂဏန်း လောက်အထိရှိတယ်။ ဒါတော်တော်ကိုကြီးမားတဲ့ အင်အားပေါ့။ ဒါပေမယ့် ပုံနှိပ်မီဒီယာမှာကျတော့ ဝယ်ဖတ်တဲ့သူက ကျဆင်းလာတယ်။ ဖတ်တဲ့သူဘက်မှာ တိုးပွားနေပြီး ပုံနှိပ်ဘက်မှာ ကျဆင်းနေတဲ့အနေအထားမှာ ထုတ်ဝေသူလုပ်ငန်းရှင်တွေအနေနဲ့က ပြဿနာတစ်ခုက စာဖတ်သူဦးရေ တိုးပွားလာတဲ့ ဒစ်ဂျစ်တယ် မီဒီယာအပေါ်မှာ ဝင်ငွေဘယ်လိုယူရမလဲဆိုတဲ့ စီးပွားရေးပုံစံတစ်ခုက မြန်မာနိုင်ငံတင်မကဘူး ကမ္ဘာ့နိုင်ငံကြီးတွေမှာ ပါ ဒီ **Model** က ကောင်းကောင်းမပေါ်လာသေးဘူး။

အခုဆိုရင် မီဒီယာလုပ်ငန်းတွေအနေနဲ့ ဒီစိန်ခေါ်မှုကို ကျော်ဖြတ်နေရဆဲဖြစ်ပြီး နောက်နှစ်အနည်းငယ်အတွင်းမှာ မီဒီယာရေစီးကြောင်းသစ်တစ်ခုကို ဖော်ရမယ်။ ဒီလုပ်ငန်းတွေလုပ်တဲ့အခါမှာလည်း သတင်းထောက်၊ အယ်ဒီတာ၊ ဒီဇိုင်နာ၊ ရုံးခန်း၊ ပစ္စည်းကိရိယာ အထောက်အပံ့တွေ ဒါတွေကလည်း ကုန်ကျစရိတ်တွေ ရှိတာဖြစ်တဲ့အတွက် ဒီအတွက်ကို ဝင်ငွေ ရှာလို့ရတဲ့**Revenue Generation** တစ်ခုခုကတော့ ရှိကိုရှိရမယ်။

ဒစ်ဂျစ်တယ်ခေတ်မှာ အခုသွားနေတဲ့ပုံစံမျိုးနဲ့ ရှာလို့မရဘူးဆိုရင် ဘယ်လိုရှာရင်ရမလဲဆိုတဲ့ နည်းလမ်းတွေက အမျိုးမျိုးရှိတယ်။ လစဉ်ကြေးတွေကောက်ခံတဲ့စနစ်နဲ့ သွားမလား၊ ဒါမှမဟုတ် သတင်းတိုတစ်စောင်ပေးပို့ရင် ဘယ်နှကျပ်ဆိုတာမျိုးနဲ့ ကောက်ခံရမလား၊ နောက်တစ်ခုက သတင်းစာထဲမှာ ပါတဲ့ သတင်းအားလုံးကို ပေးဖတ်မယ်။ ဒါပေမယ့် ဒီထက်ပိုပြီး သုတေသနပြုထားတဲ့ အချက်အလက်တွေပါဝင်တဲ့ သတင်းတွေ၊ ခြောက်လ တစ်နှစ်ကျော်ကြာခဲ့ပြီးတဲ့ သတင်းတွေကို ပြန်လည်ဖတ်ရှုချင်တယ်ဆိုရင် ငွေကြေး ဘယ်လောက်ပေးရမယ်ဆိုတာမျိုးနဲ့ ကြော်ငြာဝင်ငွေအပေါ်မှာ မှီခိုပြီးတော့ လုပ်မလားဆိုတာတွေ ကျွန်တော်တို့ စဉ်းစားနေရတဲ့အချိန်ဖြစ်ပါတယ်။

ဦးသောင်းစုဦးမိုး

ဒီလိုပြောင်းလဲလာတဲ့ မီဒီယာစီးဆင်းမှုအပေါ်မှာ ဒစ်ဂျစ်တယ်ဂျာနယ်လစ်ဇင်လို့ သွားနေတဲ့အခါမှာ ဆိုရှယ်မီဒီယာကလည်း အရေးကြီးပါတယ်။ နောက်ဒစ်ဂျစ်တယ်ဆိုင်ရာ အရည်အသွေးတွေ၊ ဒစ်ဂျစ်တယ် နည်းပညာတွေကြောင့် တင်ဆက်ပုံအပိုင်းတွေ ပြောင်းလဲသွားပါတယ်။ တင်ဆက်ပုံမှာ ပုံနှိပ်သတင်းစာနဲ့ ဒစ်ဂျစ်တယ်မီဒီယာမှာ ကွဲပြားမှုရှိလာပါတယ်။ ပုံမှန်ပုံနှိပ်လုပ်ငန်းစဉ်အတိုင်း သွားနေတဲ့ အချိန်ဇယားနဲ့ ဒစ်ဂျစ်တယ်ခေတ်မှာ အချိန်သတ်မှတ်ပြီး သွားလို့မရတော့ဘူး။ ဖြစ်ရင် အခုချက်ချင်း တင်ပေးမှ စာဖတ်သူကလည်း ကျေနပ်တော့တယ်။ မဟုတ်ရင် ကိုယ့်ရဲ့ ပြိုင်ဘက်မီဒီယာတွေဆီကို ရောက်သွားမယ်။ ဥပမာ-မီးလောင်တာပဲဖြစ်ဖြစ်၊ အရေးပေါ်သတင်းတစ်ခုပဲဖြစ်ဖြစ်ပေါ်လာရင် စာဖတ်သူအတွက် ချက်ချင်းဖော်ပြပေးရတယ်။ ဒီနေရာမှာ ဂျာနယ်လစ်တွေအပေါ်မှာ အချိန်ရဲ့ဖိအား **(Time Pressure)**က ရောက်လာတယ်။ ဂျာနယ်လစ်တွေအနေနဲ့ သတင်းယူရာမှာချက်ချင်းဆိုသလိုဒီသတင်းက မှန်လည်းမှန်ရမယ်၊ မြန်လည်း မြန်ရမယ်ဆိုတဲ့ ဖိအားနှစ်ခုကို ပေါင်းလုပ်ရပြီး အစီအစဉ်တွေ ပြောင်းသွားတယ်။

နောက်တစ်ချက်က တင်ဆက်ပုံမှာ သတင်းတစ်ခုအနေနဲ့ ပြီးအောင်ရေးလိုက်တဲ့ သတင်းတစ်ခုက စာရွက်ပေါ်မှာ ပါသွားတာမျိုး မဟုတ်ဘဲ ဖေ့စ်ဘွတ်ခ်ပေါ်မှာ အချိန်ယူပြီးတင်တဲ့အခါ ခေါင်းစဉ်နဲ့ စာသားနဲ့ ဘယ်လိုတွဲဖက်ပြီး တင်ဆက်မလဲဆိုတာတွေ ရှိလာပါတယ်။ နိုင်ငံတကာမှာတော့ သတင်းတိုလေးတွေတင်တဲ့ လူမှုကွန်ရက်တွေ ရှိတယ်။ အဲ့ဒါတွေအပေါ်မှာ ခေါင်းစဉ်တွေပြောင်းရေးပြီး ပြန်တင်ရတယ်။ အရင်က ဂျာနယ်လစ်တစ်ယောက်က သတင်းရေးရင်ရပြီ။ သူနဲ့ ပတ်သက်တဲ့ သတင်းဓာတ်ပုံဆရာ ဓာတ်ပုံကောင်းကောင်း၊ ဒါမှမဟုတ် ဒီဇိုင်းဆရာက ပုံဆွဲပေးရင်ရပြီ။ အခုခေတ်မှာကျတော့ စာဖတ်သူတွေက ဒ့ီထက်ပိုကောင်းတာတွေကို မျှော်လင့်လာတယ်။ Multimedia Interactive နဲ့ Infographic ဆိုတဲ့သတင်းအချက်အလက်ကို ဘားဂရပ်တွေနဲ့ ရက်စွဲအလိုက်ဖော်ပြတာတွေက အတတ်ပညာပိုင်းမှာ အများကြီး ပါဝင်လာတယ်။ အရင်ကလို စာသားချည်းနဲ့ သတင်းရေးဖို့တင်မဟုတ်ဘဲ Infographic သတင်းကောင်းကောင်း တစ်ပုဒ်ရဖို့ အချက်အလက်၊ ဇယားတွေကိုဘယ်လိုရှာဖွေမလဲ၊ ဘယ်လိုရှုထောင့်ကနေ တင်ဆက်မလဲဆိုတာတွေပါလာတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ ဂျာနယ်လစ်တွေ အနေနဲ့ အတတ်ပညာပိုင်းမှာ စွယ်စုံရအောင် လုပ်ဖို့လိုလာတယ်။ အယ်ဒီတာတွေနဲ့ ပူးပေါင်းပြီးလုပ်ဖို့ လိုလာတယ်။ ဒါကတော့ တင်ဆက်ပုံနဲ့ပတ်သက်ပြီး ပြောင်းလဲလာတဲ့ အနေအထားပါ။

ပုံနှိပ်မီဒီယာမှာကျတော့ ဝယ်ဖတ်တဲ့သူက ကျဆင်းလာတယ်။ ဖတ်တဲ့သူဘက်မှာ တိုးပွားနေပြီး ပုံနှိပ်ဘက်မှာ ကျဆင်းနေတဲ့ အနေအထားမှာ ထုတ်ဝေသူလုပ်ငန်းရှင်တွေအနေနဲ့က ပြဿနာတစ်ခုက စာဖတ်သူဦးရေတိုးပွားလာတဲ့ ဒစ်ဂျစ်တယ်မီဒီယာ အပေါ်မှာ ဝင်ငွေဘယ်လိုယူရမလဲဆိုတဲ့ စီးပွားရေးပုံစံတစ်ခုက မြန်မာနိုင်ငံတင်မကဘူး ကမ္ဘာ့နိုင်ငံကြီးတွေမှာပါ ဒီ Model က ကောင်းကောင်းမပေါ်လာသေးဘူး။

နောက်တစ်ခုက ဒစ်ဂျစ်တယ်ခေတ်မှာ လူမှုကွန်ရက်တွေက အားကောင်းလာတယ်။ လူမှုကွန်ရက်စာမျက်နှာမှာ **Follower** တစ်သောင်းလောက်ရှိတဲ့ သူအနေနဲ့က သူရေးသားပြောဆိုလိုက်တဲ့အပေါ်မှာ လူပေါင်းတစ်သောင်းလောက်က ချက်ချင်းသိရှိသွားနိုင်တယ်။ အရင်ခေတ်ကဆိုရင် ဒါကဂျာနယ်လေးတစ်စောင်ရဲ့ စာဖတ်သူဦးရေ နီးပါးလောက်ထိကိုရှိတယ်။ ဒီမှာ ရေးသားပြောဆိုတာတွေက မီဒီယာ အသေးစားလေး ဖြစ်လာတယ်။ အလားတူပဲ အွန်လိုင်းပေါ်မှာ နာမည်ကြီးနေတဲ့ လူပုဂ္ဂိုလ်တွေ ရှိနေပြီး သူတို့ ရေးသားလိုက်တာတွေကို သူတို့ရဲ့ **Follower** တွေက **Like**၊ **Comment** ၊ **Share** တာတွေ သောင်းနဲ့သိန်းနဲ့ချီပြီး တက်လာတယ်။ သူတို့တွေက တစ်ခုခု ရေးသားလိုက်တယ်ဆိုရင် ဒီဘက်က စနစ်တကျထုတ်ဝေနေတဲ့ ပုံနှိပ်မီဒီယာရဲ့ပရိသတ်အင်အားလောက်ကို ဆိုရှယ်မီဒီယာမှာ ရရှိတယ်။

ဒါတွေကလည်း ဘယ်လိုစိန်ခေါ်မှုတွေ ဖြစ်လာလဲဆိုတော့ မီဒီယာအဖွဲ့အစည်းက တင်ပြတဲ့ သတင်းတွေမှာ ထောက်ပြတာမျိုး ရှိလာရင် ဆိုရှယ်မီဒီယာ ပရိသတ်ရှိနေသူက မီဒီယာကိုပြန်ပြီး စောင့်ကြည့်နိုင်တဲ့ ဆိုရှယ်မီဒီယာ တစ်ခုအနေနဲ့အခုအချိန်မှာ အလွန်အင်အားကြီးနေတာကိုလည်း ကြည့်ရမှာတွေ ရှိလာတယ်။

ဥပမာ- အရင်က ဂျာနယ်လစ်တစ်ယောက်က တစ်ခုခုမှားရင် အယ်ဒီတာကိုအသိပေးတာ၊ စာဖတ်သူတွေက ဖုန်းဆက်ပြီး ထောက်ပြတာမျိုးတွေပဲရှိမယ်။ လိုအပ်တဲ့ အမှားပြင်ဆင်ချက်ကို နောက်တစ်နေ့သတင်းစာမှာ ဖော်ပြပေးမယ်။ ဆိုရှယ်မီဒီယာမှာတော့ ချက်ချင်းထောက်ပြတာ ရှိလာတယ်။ ကောင်းတာက ဒီအမှားကို ဝန်ခံတောင်းပန်ပြီးနောက် တစ်ကြိမ်မမှောက်ပြရဲအောင် ဝိုင်းပြီး ဖိအားပေးတာမျိုးတွေ ရှိလာရင် သတင်းထောက်အနေနဲ့ နောင် သတင်းဖော်ပြဖို့ စိုးရိမ်စိတ်တွေ ဖြစ်လာနိုင်ပါတယ်။ ဒါကလည်း ဆင်ဆာလုပ်တဲ့ နည်းလမ်းတစ်မျိုးပေါ့။ ဒီလိုစိန်ခေါ်မှုတွေက ဒစ်ဂျစ်တယ် မီဒီယာခေတ်မှာ ရှိလာပါတယ်။

ဆိုရှယ်မီဒီယာနဲ့ ပတ်သက်ပြီး နိုင်ငံခြားက အစိုးရဌာနတွေရဲ့ ဆိုရှယ်မီဒီယာသုံးစွဲပုံမှာ ကောင်းတဲ့သင်ခန်းစာနဲ့ အတုယူဖို့တွေ တွေ့နေရတယ်။ ဥပမာ- လွန်ခဲ့တဲ့ ရက်ပိုင်းအတွင်းက ကွယ်လွန်ခဲ့တဲ့ စင်ကာပူဝန်ကြီးချုပ်ရဲ့ သတင်းတွေကို ဆိုရှယ်မီဒီယာအပေါ်မှာ ဘယ်လိုကြေညာချက်တွေ ထုတ်ပြန်တယ်ဆိုတာ ဝန်ကြီးချုပ်ရုံးကနေ ရိုးရှင်းပြီး တိကျတဲ့စာသားလေးတွေနဲ့ အချိန်နဲ့တစ်ပြေးညီ တုံ့ပြန်ပြီး ထုတ်ပေးသွားတာတွေက သူတို့နိုင်ငံသားတွေအနေနဲ့ သိချင်တဲ့ အချက်ကို တန်းပြီးရတယ်ဆိုတာမျိုး။ အမေရိကမှာဆိုရင်လည်း လူထုဆက်ဆံရေးပိုင်းကို ဘယ်လိုပုံစံမျိုးနဲ့ တင်ပြမလဲဆိုတာမျိုးကို တိတိကျကျနဲ့ စနစ်တကျ စီမံထားတာတွေ့ရပါတယ်။ အဝတ်အစားနဲ့ အခမ်းအနားအပြင်အဆင်ကအစ အလေးအနက်ထားပါတယ်။ သူတို့အနေနဲ့ လူထုရဲ့ အထင်အမြင် လွဲမှားသွားမှာမျိုး၊ နောင်လုပ်ရမယ့် တာဝန်တွေ အပေါ်မှာ အကျိုးသက်ရောက်မှုနဲ့ ရွေးကောက်ပွဲတွေမှာ အပြောင်းအလဲရှိတာမျိုး၊ မီဒီယာနဲ့ လူထုက ထောက်ပြဝေဖန်မယ်ဆိုတာမျိုးကို အလေးအနက်ပြုပြီး ရှောင်ရှားကြပါတယ်။ မြန်မာနိုင်ငံမှာတော့ ဝန်ကြီးဌာနတွေမှာ ဆိုရှယ်မီဒီယာနဲ့ ပတ်သက်ပြီး အကြံပေးသူတွေ၊ တတ်ကျွမ်းသူတွေ သိပ်ပြီးများများ စားစားမရှိသေးဘူးဆိုတာ တွေ့နေရတယ်။ ဝန်ကြီးဌာနတွေအနေနဲ့ ဆိုရှယ်မီဒီယာမှာ အချိန်မှန်မှန် သတင်းတိုလေးတွေ ထုတ်ပြန်ပေးတာ၊ ပြည်သူလူထုနဲ့ တိုက်ရိုက် ဆက်သွယ်တာမျိုးတွေလုပ်ဖို့ အကြံပေးချင်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ အခါမှာလည်း မှားယွင်းပြီး မလုပ်မိအောင် လိုအပ်တဲ့သင်တန်းတွေ ပေးပြီး နည်းပညာကျွမ်းကျင်သူတွေနဲ့တိုင်ပင်ပြီး လုပ်ဖို့လည်း အကြံပေးချင်တယ်။

IPI World Congress မှာ နိုင်ငံတကာနဲ့ မြန်မာနိုင်ငံက သတင်းမီဒီယာလုပ်ငန်းရှင်တွေနဲ့ သတင်းမီဒီယာဆိုင်ရာပုဂ္ဂိုလ်တွေ တက်ရောက်ကြမှာဆိုတော့ မီဒီယာဆိုင်ရာ စိန်ခေါ်မှုနဲ့ အခက်အခဲတွေကို အတွေ့အကြုံရှိတဲ့ သတင်းမီဒီယာသမားတွေနဲ့ နှီးနှောဖလှယ်ခွင့်ရတဲ့အတွက် အကျိုးများပါတယ်။ နောက်နိုင်ငံတကာက ကြည့်ရှုနေတဲ့ သတင်းမီဒီယာတွေမှာ ဖော်ပြတဲ့ဖြစ်ရပ်တချို့က ရန်ကုန်တစ်မြို့လုံးကိုကိုယ်စားမပြုဘဲ ရန်ကုန်မြို့ရဲ့ ပကတိအခြေအနေကို သူတို့ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့သွားစေချင်တယ်။ နောက်တက်ရောက်ကြမယ့် CSO အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေအနေနဲ့လည်း သက်ဆိုင်ရာ ဒေသအလိုက် အကျိုးကျေးဇူးရှိအောင် မီဒီယာကို အသုံးပြုပြီး ဘယ်လိုဖော်ထုတ်သွားနိုင်မလဲဆိုတာကို ကျွန်တော်မျှော်လင့်ပါတယ်။

ပိုးသူဇာစိုး

ဒေါ်မေသကြီန်ဟိန်
CEO
Myitmakha News Agency

အဓိကကတော့ ၂၀၁၄ ဒီဇင်ဘာကတည်းက ပါဝင်ဆွေးနွေးသူအဖြစ်ပါဝင်ဖို့ ကျွန်မကို ဖိတ်ခေါ်ခဲ့ပါတယ်။ IPI လို အဖွဲ့အစည်းကြီးက မြန်မာနိုင်ငံမှာ ညီလာခံ လာကျင်းပမယ်၊ နိုင်ငံတကာက ထင်ရှားတဲ့ မီဒီယာအဖွဲ့အစည်းတွေက ပုဂ္ဂိုလ်တွေလည်း ပါဝင်ဆွေးနွေးမယ်ဆိုတာတွေသိရလို့ အဲ့ဒီအချိန်ကတည်းက ဝမ်းပန်းတသာနဲ့ လက်ခံခဲ့ပါတယ်။

ဒေါ်မေသကြီန်ဟိန်

အထူးသဖြင့် ဒီမှာလက်တွဲအလုပ်လုပ်နေတဲ့ လုပ်ဖော်ကိုင်ဖက် ဂျာနယ်လစ်တွေအတွက် ကမ္ဘာ့သတင်းမီဒီယာ အတွေ့အကြုံတွေနဲ့ မြန်မာမီဒီယာ အတွေ့အကြုံတွေကို ဝေမျှခွင့်ရမယ်။ နောက် မြန်မာမီဒီယာလောကအတွက် **Capacity** လိုအပ်ချက်တွေ၊ သင်တန်း လိုအပ်ချက်တွေကိုသိနိုင်မယ်ဆိုရင် မြန်မာမီဒီယာလောကအတွက် အခွင့်အလမ်းတစ်ခုလို့ ယုံကြည်ပါတယ်။

နောက်တစ်ခုက မီဒီယာလွတ်လပ်ခွင့် အခြေအနေတွေကိုလည်း ကမ္ဘာကသိအောင် ပြောနိုင်ဖို့ဆိုတာ မီဒီယာသမားတွေ အများကြီးလာတဲ့ ဒီလိုပွဲမျိုးမှာ ပြောခွင့်ရနိုင်တယ်။ဒ့ါကြောင့်ဒီလိုနိုင်ငံတကာ ပါဝင်တဲ့ မီဒီယာဆွေးနွေးပွဲတွေ အမြဲကျင်းပနိုင်ဖို့ ဆန္ဒပြုပါတယ်။

ဆွေးနွေးပွဲတွင် ဥပဒေနှင့် အလေ့အထများမှ မီဒီယာလွတ်လပ်ခွင့်ကိုရယူခြင်း၊ ပဋိပက္ခဂရုပြု သတင်းရေးသားခြင်း၊ ထူးခြားသတင်းရယူမှုတွင် ဘာသာရေးအကဲဆတ်မှု၊ မီဒီယာနှင့် လူ့အဖွဲ့အစည်းများအကြား စိန်ခေါ်မှုစသည့် ခေါင်းစဉ်များပါဝင်ပြီး ပြည်တွင်း ပြည်ပသတင်းမီဒီယာများမှ သတင်းစာဆရာ ၂၀၀ ကျော် တက်ရောက်မည်ဖြစ်ကာ စာနယ်ဇင်းဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖလှယ်ရေးအတွက် အရေးပါသော ပလက်ဖောင်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။

ပြည်တွင်းသတင်း

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၄င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့် ရာထူး၊ ဌာန**
(၁)	ဗိုလ်မှူးကြီးငြိမ်းချမ်း ခြေလျင်နည်းပြ စစ်ဦးစီးတက္ကသိုလ်	ညွှန်ကြားရေးမှူးချုပ် နိုင်ငံတကာနှင့်ပြည်တွင်းရေးရာဦးစီးဌာန ကာကွယ်ရေးဝန်ကြီးဌာန
(၂)	ဦးစောနိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

● ***ရှေ့ဖုံးမှ***

၁၂ ပိုင်းပါ ရုပ်သံအစီအစဉ်ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ပြီး အဆိုပါအစီအစဉ်တွင် အားကစားနည်း ၂၄ မျိုးနှင့် လာမည့် စင်ကာပူဆီးဂိမ်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့အားကစားသမားများအကြောင်း တင်ဆက်သွားမည်ဖြစ်သည်။

ကြည့်ရှုသူများအနေဖြင့် နိုင်ငံတကာတွင်ယှဉ်ပြိုင်ရမည့် အားကစားနည်းများနှင့် မြန်မာအားကစားသမားများ ရွှေတံဆိပ်ဆုရရှိရန် ကြိုးစားလေ့ကျင့်နေကြပုံများကို မြင်တွေ့ရမည်ဖြစ်သည်။

ထို့ပြင် Myanmar, Go for Gold! အခမ်းအနားတစ်ရပ်ကို မတ် ၂၈ ရက်တွင် နေပြည်တော် အားကစားရွာ၌ ည ၇နာရီမှ ၁၁ နာရီအထိ ကျင်းပပေးမည်ဖြစ်ပြီး အဆိုပါအခမ်းအနားတွင် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အားကစားသမားများ၊ အားကစားအဖွဲ့ချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်ပြီး အားကစားသမားများက သက်ဆိုင်ရာ အားကစားနည်းအလိုက် ပြင်ဆင်သရုပ်ပြမှုများကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဆီးဂိမ်းမှာ ပါဝင်ယှဉ်ပြိုင်မယ့် မြန်မာအားကစားအဖွဲ့တွေကို ပံ့ပိုးပေးတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဆီးဂိမ်းကတည်းက ကျွန်မတို့တတ်နိုင်တဲ့ ဘက်က ကူညီပံ့ပိုးပေးခဲ့ပါတယ်။ (၂၇)ကြိမ်မြောက်ဆီးဂိမ်းမှာ ရွှေ ၈၆ ခု ရရှိသလို ဒီနှစ်မှာလည်း အလားအလာကောင်းမွန်ဖို့ ယုံကြည်ပါတယ်။ ကျွန်မတို့အနေနဲ့ Official Hydration Partner အနေနဲ့ ဂုဏ်ယူစွာနဲ့ ဆက်လက်အတူရှိနေမှာဖြစ်ပါတယ်" ဟု အစီအစဉ်များကို ဆောင်ရွက်ပေးသော 100PLUS မှ ကုန်အမှတ်တံဆိပ် မန်နေဂျာ ဒေါ်သဇင်ခိုင်က ပြောကြားသည်။

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၂ နှစ်ကြာမြင့်ပြီးနောက် စင်ကာပူနိုင်ငံတွင် တစ်ကျော့ပြန်အနေဖြင့် ဇွန် ၅ ရက်မှ ၁၆ ရက်အထိ အားကစားနည်း ၃၆ နည်းနှင့် ပွဲစဉ်ပေါင်း ၄၀၂ ပွဲတို့ဖြင့် ကျင်းပတော့မည် ဖြစ်သောကြောင့် မြန်မာ အားကစားသမားများလည်း ပြိုင်ပွဲဝင်ရောက်ရန် အပြင်းအထန် လေ့ကျင့်နေကြပြီဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

မြေနှင့်အခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

မြေနှင့်အခွန် အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆ ။)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုမြေနှင့်အခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြေနှင့်အခွန်အက်ဥပဒေပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၈-က၊ ပုဒ်မခွဲ(၃)တို့ကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဝုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

◆ ***ရှေ့ဖုံးမှ***

အဆိုပါတံတားသည် ဆိပ်ဖြူ-ကန်တော-ပေါက်ကားလမ်း (၄၉/၁-၄၉/၆) မိုင်တိုင်ကြားနှင့် ပခုက္ကူ-ပေါက်-မတူပီ ပြည်ထောင်စုကားလမ်းရှိ ပေါက်မြို့နယ်ယာကြီးပြင်နှင့် အုန်းတောကျေးရွာတို့ကြားယောချောင်း၌တည်ရှိရာ ၂၀၁၀ ပြည့်နှစ် ဂိုရိနှင့် ၂၀၁၁ ခုနှစ် အိုတူးဘီမုန်တိုင်းများ၌ နှစ်ကြိမ်ဆက်တိုက်မျောပါခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ပြန်လည်တိုးချဲ့ တည်ဆောက်ခြင်းဖြစ်သည်။

မူလတံတားသည် အကျယ် ၂၁ ပေနှင့် အရှည် ပေ ၆၀ ရှိအခန်း ၂၃ ခန်းပါ စုစုပေါင်း အရှည်ပေ ၁၃၈၀ ရှိသည်။ ယာကြီးပြင်ကျေးရွာ ဘက်ကမ်း၌ အကျယ် ၂၅ ပေနှင့် အရှည် ပေ ၆၀ ရှိ အခန်းခြောက်ခန်း၊ ပေ ၉၀ ရှိအခန်း ၁၆ ခန်းပါ တိုးချဲ့ တံတားအရှည် ပေ ၁၈၀၀ ရှိပြီး စုစုပေါင်း တံတားအရှည် ပေ ၃၁၈၀ ရှိသည်။

အုန်းတောတံတားကို ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်တည်ဆောက်ခဲ့ရာ တံတားစီမံကိန်းတန်ဖိုးငွေကျပ် သန်းပေါင်း ၄၈၅၀ နှင့် ချဉ်းကပ်လမ်းအတွက် ငွေကျပ်သန်းပေါင်း ၅၀၀ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၅၃၅၀ ဖြင့် တည်ဆောက်လျက်ရှိရာ ယခုအခါ တံတားကြမ်းခင်းအားလုံး တည်ဆောက်ပြီးစီး၍ တံတားလက်ရမ်းနှင့် နိုင်လွန်းကတ္တရာခင်းနေပြီး အထူးစီမံကိန်းကြီးအဖွဲ့ (၁)မှ ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ဒုတိယအသုတ်ရွေးချယ်ခံရသူများနှင့် တတိယအသုတ်ရွေးချယ်ခံရသူများ လူတွေ့ဖြေဆိုရမည့် အစီအစဉ်များနှင့် ဘာသာရပ်နယ်ပယ်အလိုက် ဆက်သွယ်နိုင်သော Contact Person များ အမည်စာရင်းထုတ်ပြန်

နေပြည်တော် မတ် ၂၅

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ဒုတိယအသုတ် ရွေးချယ်ခံရသူများနှင့် တတိယအသုတ်ရွေးချယ်ခံရသူများ၏ လူတွေ့ဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို ပညာရေးဝန်ကြီးဌာန Website ဖြစ်သော www.myanmar-education .edu.mm ၌ ယနေ့တွင် ထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု လူတွေ့ဖြေဆိုကြမည့်သူများအနေဖြင့် မတ် ၁၈ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတွင်ဖော်ပြထားသော လူတွေ့ဖြေဆိုရာတွင် တစ်ပါတည်းယူဆောင်လာရမည့် စာရွက်စာတမ်းများကို မပျက်မကွက်ယူဆောင်လာကြရန်နှင့် လူတွေ့ဖြေဆိုရမည့်စာစစ်ဌာနတည်ရှိရာ တက္ကသိုလ် သို့မဟုတ် တက္ကသိုလ်စိန်ရတုခန်းမသို့ လာရောက်သောနယ်ခရီးစဉ်အတွက် ခရီးစရိတ်ကို သက်ဆိုင်ရာစာစစ်ဌာနများရှိ ငွေစာရင်းဌာနတွင် ဧပြီ ၇ ရက် နောက်ဆုံးထား၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် ယာဉ်စီးလက်မှတ်မူရင်း တင်ပြပေးအပ်လျက် အသွားအပြန် ယာဉ်စီးခကို ပြန်လည်ထုတ်ယူနိုင်ကြောင်း သိရသည်။

အသေးစိတ်သိလိုသော အချက်အလက်အကြောင်းအရာများကို အောက်ဖော်ပြပါ ဘာသာရပ်နယ်ပယ်အလိုက် contact person များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်-

စဉ်	**ဘာသာရပ်နယ်ပယ်**	**အမည်၊ ရာထူး၊ ဌာန**	**ဆက်သွယ်ရန်ဖုန်းနံပါတ်**
၁။	ဆေးပညာ	ဒေါက်တာမြမ၌ူ ညွှန်ကြားရေးမှူး ဆေးပညာသင်ကြားရေးဗဟိုဌာန	၀၉-၄၉၂၁၀၈၈၄
၂။	အင်ဂျင်နီယာ	ဒေါက်တာမောင်လှိုင် ပါမောက္ခ ရန်ကုန်နည်းပညာတက္ကသိုလ်	၀၉-၅၀၅၂၁၇၉
၃။	ကွန်ပျူတာပညာ	ဒေါက်တာမြင့်မြင့်စိန် ဒုတိယပါမောက္ခချုပ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်	၀၉-၅၁၂၂၄၄၀၉၊ ၀၉-၂၅၀၀၇၄၁၄၇
၄။	မွေးမြူရေးနှင့် ဆေးကုသရေး	ဒေါက်တာရဲထွဋ်ဆောင် ဒုတိယပါမောက္ခချုပ်(သင်ကြား) မွေး/ဆေးတက္ကသိုလ်	၀၉-၂၁၇၃၈၄၆ ၀၆၇-၄၁၆၅၂၆
၅။	စိုက်ပျိုးရေး	ဒေါက်တာကြည်တိုး ကျောင်းအုပ်ကြီး လှည်းကူးကျောင်းခွဲ	၀၉-၂၅၄၀၂၃၃၆
၆။	သစ်တော	ဦးတင်မောင်ဝင်း ညွှန်ကြားရေးမှူး(စီမံ)	၀၆၇-၄၁၆၆၈၁
၇။	စီးပွားရေး	ဒေါက်တာမြသန္တာ ပါမောက္ခ၊ စာရင်းအင်းပညာဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ်	၀၉-၅၁၁၀၈၀၅၅
၈။	ပညာရေး	ဒေါက်တာအေးအေးမြင့် ဒုတိယပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ်	၀၉-၄၄၈၀၂၆၄၁၁၊ ၀၁-၅၀၄၃၃၂
၉။	ဝိဇ္ဇာဘာသာရပ်	ဒေါ်သင်းသင်းမွေး လ/ထ မော်ကွန်းထိန်း ရန်ကုန်တက္ကသိုလ်	၀၉-၄၃၁၆၄၆၅၂
၁၀။	သိပ္ပံဘာသာရပ်	ဒေါက်တာခင်သက်နီ ပါမောက္ခ(ဌာနမှူး) ကုန်ထုတ်ဓာတုဗေဒဌာန ရန်ကုန်တက္ကသိုလ်	၀၉-၅၀၀၈၂၄၃၃
၁၁။	အင်္ဂလိပ်စာနှင့် ဘာသာစကား	ဒေါ်တိုးတိုးခင် မော်ကွန်းထိန်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်	၀၉-၅၀၅၀၆၁၅
၁၂။	သတင်းအတတ်ပညာ	ဒေါက်တာတင်တင်ထွေး ကျောင်းအုပ်ကြီး အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်	၀၉-၈၆၀၀၉၅၅၄
၁၃။	ဥပဒေ	ဒေါက်တာခင်မာရီ ပါမောက္ခ(ဌာနမှူး) ၊ ဥပဒေပညာဌာန ရန်ကုန်တက္ကသိုလ်	၀၉-၅၀၀၄၆၆၁၊ ၀၁-၅၃၆၅၃၃
၁၄။	ဟိုတယ်နှင့်ခရီးသွား	ဒေါ်ခင်သန်းဝင်း ညွှန်ကြားရေးမှူး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန	၀၉-၄၉၂၃၆၅၄၄ ၀၆၇-၄၀၆၁၃၀
၁၅။	ရေကြောင်းပညာ	ဒေါက်တာမြတ်လွင် ပါမောက္ခချုပ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်	၀၉-၅၀၀၅၈၆၇

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse – 2 ၏ နည်းပညာသစ်များသည် နောင်အနာဂတ်အတွက် ကောင်းမွန်သည့်နည်းပညာတိုးတက်မှုဖြစ်

အမေး / အရေး
မင်းမင်းဇော်၊ ဒေါက်ဌေရ
စာတ်ပုံ – တင်မောင်

မန္တလေး မတ် ၂၅

နေရောင်ခြည် စွမ်းအင်သုံး လေယာဉ် Solar Impulse–2 သည် ကမ္ဘာတစ်ပတ်ခရီးစဉ်အဖြစ် မြန်မာနိုင်ငံ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံ ချုံကျင်းလေဆိပ်သို့ ဆက်လက်ပျံသန်းနိုင်ရန် စီစဉ်လျက်ရှိသည်။

ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး လွတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော် ဦးဆောင်သည့် လွတ်တော်ကိုယ်စားလှယ် ၄၅ ဦးသည် တိုင်းဒေသကြီးလွတ်တော် (၁၂) ကြိမ်မြောက် အစည်းအဝေး တတိယနေ့မကျင်းပမီ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း ရပ်နားလျက်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse – 2 လေယာဉ်အား တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ကြည့်ရှုလေ့လာခဲ့ကြသည်။ အဆိုပါ လေယာဉ် Solar Impulse–2 နှင့်ပတ်သက်၍ လေ့လာခဲ့ကြသည့်

ဦးအောင်ဌေးကျော်

ဗိုလ်မှူးတင်လှိုင်

ဒေါက်တာကျော်လှ

တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်များ၏ အမြင်များကိုလည်း ရေးသားတင်ပြလိုက်ရပါသည်။

ဦးအောင်ဌေးကျော်
ဒုတိယဥက္ကဋ္ဌ
မန္တလေးတိုင်းဒေသကြီးလွတ်တော်

တိုင်းဒေသကြီးလွတ်တော် (၁၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ ချိန်နဲ့တိုက်ဆိုင်နေတော့ တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ အစီအစဉ်နဲ့ လာရောက်လေ့လာခြင်း ဖြစ်ပါတယ်။ လောင်စာစွမ်းအင်တွေ လိုအပ်နေချိန်မှာ ဆိုလာစွမ်းအင်သုံး လေယာဉ်ဆိုတာ နည်းပညာအသစ်အဆန်း ဖြစ်တယ်။ ဆိုလာစွမ်းအင်သုံး မော်တော်ယာဉ်တွေ၊ မော်တော်ဆိုင်ကယ်တွေကို လက်တွေ့နယ်ပယ်မှာ မြင်တွေ့ရပေမယ့် ဆိုလာစွမ်းအင်သုံးလေယာဉ်အနေနဲ့ကတော့ ဒါပထမဦးဆုံးပဲပေါ့။ အခုလို ဆိုလာစွမ်းအင်သုံး လေယာဉ်တွေကို ခရီးသည်တင်ဆောင်နိုင်တဲ့ လေယာဉ်တွေအထိ တည်ဆောက်သွားနိုင်အောင် ရည်ရွယ်ထားပုံရပါတယ်။ အဲလို ဖြစ်လာလိမ့်မယ်လို့လည်း မျှော်လင့်ထားပါတယ်။

ဗိုလ်မှူးတင်လှိုင်
မန္တလေးတိုင်းဒေသကြီး တပ်မတော်သား လွတ်တော်ကိုယ်စားလှယ်

ဒီနေရောင်ခြည်စွမ်းအင်သုံး လေယာဉ်နည်းပညာတွေကို စွမ်းအင်အစားထိုး နည်းပညာတိုးတက်မှုလို့ မြင်ပါတယ်။ ဒီဆိုလာနည်းပညာတွေဟာ နောင်အနာဂတ်အတွက် တိုးတက်တဲ့နည်းပညာတွေနဲ့ တကယ်တီထွင်သင့်တဲ့ ကိစ္စမျိုးဖြစ်ပါတယ်။ ရေနံဆိုတာ သဘာဝတွင်းထွက်ကနေ ရတယ်၊ ရေနံနေရာကို ဂက်စ်တွေ အစားထိုးလာနိုင်တယ်။ အခုဆိုလာကို တွင်တွင်ကျယ်ကျယ်သုံးနိုင်အောင် တီထွင်နေကြတယ်၊ အရင်က ဆိုလာကို ဘက်ထရီလောက်ပဲ သုံးကြတာ။ ဆိုလာနဲ့ ကားမောင်းနိုင်တယ်၊ မီးအလင်းအဖြစ် သုံးနိုင်တာကနေ ကမ္ဘာကိုပတ်တဲ့ လေယာဉ်အထိ ဖြစ်လာပြီဆိုတော့ နောင်အနာဂတ် လူသားတွေအတွက် ကောင်းသော နည်းပညာတိုးတက်မှုပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွက်လည်း နည်းပညာ ရယူတီထွင်သင့်တယ်။ တီထွင်မှုဆိုတာ မရှိမူက လာတယ်လို့ ဆိုတယ်။ နေရောင်ခြည်ကနေ လေယာဉ်မောင်းနှင်နိုင်တယ်ဆိုတာ မယုံကြည်နိုင်စရာပါ။ ဒါပေမယ့် ဒါကို အခုလက်တွေ့မြင်ရတယ်၊ လေ့လာရတယ်ဆိုတဲ့အတွက် နည်းပညာ အနေနဲ့ တန်ဖိုးမဖြတ်နိုင်ပါဘူး။

ဒေါက်တာကျော်လှ
မန္တလေးတိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်

Solar Impulse – 2 လေယာဉ် အဖွဲ့သားတွေနဲ့ အပြန်အလှန် မေးခွန်းတွေ မေးမြန်းခဲ့ရတယ်၊ အခု ပျံသန်းမယ့်ခရီးစဉ်အတွက် လေယာဉ်ရော အခြားကုန်ကျစရိတ် စုစုပေါင်းရင် အမေရိကန်ဒေါ်လာ သန်း ၁၃၀ လောက်ကုန်ကျမယ်လို့ သိရတယ်။ ဒုတိယအနေနဲ့ ဘယ်အချိန်ကာလမှာ ဒီလိုဆိုလာ လေယာဉ်နဲ့ ခရီးသည်အပါ အဝင်ကုန်စည်တွေကို တင်ဆောင်ပျံသန်းနိုင်မလဲလို့ မေးကြည့်တဲ့အခါ အဲဒီ မေးခွန်းကို အတိအကျဖြေဖို့ မလွယ်သေးဘူးလို့ ပြောပါတယ်။ အခုအခါ သိပ္ပံနည်းပညာတိုးတက်လာတာကြောင့် ဆိုလာ လေယာဉ်တွေကလည်း ခရီးသည်နဲ့ကုန်စည်တွေကို တင်ဆောင်နိုင်လာလိမ့်မယ်လို့ ယုံကြည်တယ်။ ဆိုလာနည်းပညာဟာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိတဲ့အတွက် တစ်ကမ္ဘာလုံးက မျှော်လင့်နေကြမှာပါ။

မတ် ၂၄ ရက်က မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မရမ်းကုန်းမြို့နယ်အတွင်းရှိ ဆေးဆိုင်များမှ ဆိုင်ပိုင်ရှင်နှင့် တာဝန်ခံများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းနိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးအေးမျိုးနှင့် အဖွဲ့များပူးပေါင်း၍ လင်စိတ်ကြွဆေးများနှင့် တားမြစ်ဆေးများအား မရောင်းချရန် အသိပညာပေးဟောပြောဆောင်ရွက်စဉ်။
(၁၂၂)

ပန်းဘဲတန်း၌ လင်စိတ်ကြွဆေးများ ဖမ်းဆီးအရေးယူ

ရန်ကုန် မတ် ၂၅

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် (၄)ရပ်ကွက် မဟာပန္ထုလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ဆေးဆိုင်သို့ မတ် ၂၃ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးတို့၏ ညွှန်ကြားချက်ဖြင့် ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ထွေး၊ ပန်းဘဲတန်းမြို့မရဲစခန်းမှူး ဒုရဲမှူး သန်းနိုင်တို့၏ ကြီးကြပ်မှုဖြင့် နယ်ထိန်းအရာရှိ ဒုရဲအုပ်ဇော်ဇော်ဦး၊ ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးကျော်အောင်ဌေး၊ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး အဆင့်(၁) ဦးဇော်လင်းနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး စီမံရေးရာဌာနမှ ကိုဆန်းဦးတို့ ပါဝင်သောအဖွဲ့သည် လင်စိတ်ကြွဆေးဝါးများ ရောင်းချနေသော သတင်းအရ ဝင်ရောက်ရှာဖွေရာ မှတ်ပုံတင်ထားခြင်းမရှိဘဲ ရောင်းချခြင်းမပြုရန် တားမြစ်ထားသည့် လင်ကာမစိတ်ကို နိုးကြားစေသည့် နိုင်ငံခြားဖြစ်ဆေးဝါး မျိုးစုံ ၁၁ မျိုးနှင့် ရောင်းချရရှိငွေကျပ် ၇၀၀၀ နှင့်အတူ ဖမ်းဆီးရမိသဖြင့် တရားမဝင် တားမြစ်ထားသည့် လင်ကာမစိတ်ကို နိုးကြားစေသည့် နိုင်ငံခြားဖြစ်ဆေးဝါးများ ရောင်းချနေသူ စိုးဝေ(**ယာပုံ**)အား ပန်းဘဲတန်းမြို့မရဲစခန်းက အမျိုးသားဆေးဝါး

ဥပဒေပုဒ်မ-၁၈ ဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

စမ်းချောင်းမြို့နယ်၌ လင်စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် မတ် ၂၅

စမ်းချောင်းမြို့နယ်အတွင်းရှိ ဆေးဆိုင်များ၌ မူးယစ်ဆေးဝါးကာမရာဂစိတ်ကြွဆေးနှင့် ကျန်းမာရေးဦးစီးဌာနမှ တားမြစ်ဆေးဝါးအဖြစ် သတ်မှတ်ထားသော ဆေးဝါးများ၊ မှတ်ပုံတင်ထားရှိမှုမရှိသော ဆေးဝါးများရောင်းချခြင်းမရှိစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က အသိပညာပေးဟောပြောခြင်းများဆောင်ရွက်ပြီး နေ့စဉ် စုံစမ်းစစ်ဆေးအရေးယူလျက်ရှိရာ မတ် ၂၄ ညနေ ၅ နာရီခွဲခန့်က စမ်းချောင်းမြို့မရဲစခန်းမှ ဒုရဲအုပ်သန်းထိုက်နှင့် ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တရားမဝင် လင်စိတ်ကြွဆေးများရောင်းချနေကြောင်း သတင်းအရ စမ်းချောင်းမြို့နယ် ရှင်စောပု

ရပ်ကွက် စမ်းချောင်းလမ်းတွင် ကွမ်းယာဆိုင်ဖွင့်လှစ်ရောင်းချနေသူ တင်လှိုင်(၃) လှရွှေ(**အပေါ်ပုံ**)၏ ဆိုင်ကို ဝင်ရောက်ရှာဖွေရာ ကန့်သတ်လင်စိတ်ကြွဆေး ၁၀ မျိုးကို ဖမ်းဆီးရမိသဖြင့် အမျိုးသားဆေးဝါး ဥပဒေပုဒ်မ-၁၈ဖြင့် အမှုဖွင့် အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။
(၀၃၃)

ဆေးဆိုင်နှင့် ကွမ်းယာဆိုင်များကို ရှောင်တခင်စစ်ဆေးအသိပညာပေး

ရန်ကုန် မတ် ၂၅

လှိုင်သာယာမြို့နယ်တွင် ယခုနှစ်သင်္ကြန်ကာလ၌ မှုခင်းဖြစ်ပွားမှုလျော့ကျစေရန် ယမကာဆိုင်များအား စိစစ်ဆောင်ရွက်နေသည့်နည်းတူ တရားမဝင်ဆေးဝါးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောဆေးဝါးများ၊ ကာမရာဂစိတ်ကြွဆေးဝါးများ ရောင်းချမှုမရှိစေရန် အထူးဆောင်ရွက်လျက်ရှိရာ မတ် ၂၄ ရက် နံနက် ၁၀ နာရီက အမှတ်(၂)၊ အမှတ်(၃) ရပ်ကွက်ရှိ ဆေးဆိုင်၊ ကွမ်းယာဆိုင်တို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်ဦးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်ရူပါစိုးတို့ဦးဆောင်သောအဖွဲ့တို့က ရှောင်တခင်စစ်ဆေးခြင်း၊ အသိပညာပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ နံနက်ပိုင်းတွင် အမှတ်(၂)၊အမှတ်(၃)ရပ်ကွက်ရှိဆေးဆိုင်များ၊ ကွမ်းယာဆိုင်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဒုရဲအုပ် ရဲနိုင် ဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့်ဝန်ထမ်းများ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်တို့က ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားသတ်မှတ်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန်အသိပညာပေးခြင်းတို့ဖြင့် သင်္ကြန်ကာလ၌ တရားမဝင်ဆေးဝါးများကြောင့် မှုခင်းဖြစ်ပွားမှုမရှိစေရန် ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည် ။ **သန်းထိုက်(လှိုင်သာယာ)**

သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါး အန္တရာယ်လျှော့ချရေး ပညာပေးဟောပြော

ရန်ကုန် မတ် ၂၅

မြန်မာနှစ်သစ်ကူးပွဲတော်ကာလအတွင်း လူငယ်အချို့၏ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အခြားမူးယစ်ဆေးဝါးများသုံးစွဲမှုကြောင့် ယာဉ်မတော်တဆမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ ကာယဗိန္ဓေပျက်စီးမှုများ၊ သေဆုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် စမ်းချောင်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း တော်ဝင်ခန်းမ၌ မူးယစ်တပ်ဖွဲ့စု(၄၂) တပ်ဖွဲ့စုမှူး ရဲမှူးခင်မောင်သိန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးအန္တရာယ်များ၊ ပြစ်မှု/ ပြစ်ဒဏ်များ၊ သင်္ကြန်ကာလအတွင်းဖြစ်ပွားခဲ့သည့်မှုခင်းများအခြေအနေ၊ နမူနာမူးယစ်ဆေးဝါးအမှုများ၊ ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ရမည့်အခြေအနေများကို မြို့နယ်အတွင်းရှိ လူငယ်များ၊ ရပ်မိ/ရပ်ဖများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးအန္တရာယ် ဝိုင်းဝန်းကာကွယ်

ပြည်တွင်းသတင်း

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်ပုံနှိပ်သတင်းစာများအား Digital သတင်းစာများအဖြစ်ပါ ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို လက်ရှိထုတ်ဝေနေသော ပုံနှိပ်သတင်းစာများအပြင် ယနေ့ခေတ်တွင် လူအများအလွယ်တကူသုံးစွဲလျက်ရှိသည့် အဆင့်မြင့်မိုဘိုင်း တယ်လီဖုန်းများ၊ တက်ဘလက်များ၊ အိုင်ပက်များအစရှိသည့် ဒစ်ဂျစ်တယ်ပစ္စည်းများဖြင့် ဖတ်ရှုနိုင်သည့် ဒစ်ဂျစ်တယ် (Digital) သတင်းစာများအဖြစ်ပါ တိုးမြှင့်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို သတင်းစာတစ်စောင်ချင်းအလိုက် Website ထူထောင်ခြင်းနှင့် Digital သတင်းစာအဖြစ် ထုတ်လုပ်ခြင်းများအတွက် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် မည်သူမဆို စိတ်ပါဝင်စားမှု အဆိုပြုလွှာများပေးပို့ကြရန် ဖိတ်ခေါ်ပါသည်။

၃။ အဆိုပြုလွှာများကို ၂၄-၄-၂၀၁၅ ရက် နံနက် (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ကာလထက်ကျော်လွန်သော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၇- ၄၁၂၁၂၃၊ ၀၆၇- ၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပုံစံများအား ၂၆-၃-၂၀၁၅ ရက်နေ့မှ ၂၄-၄-၂၀၁၅ ရက်နေ့အထိ နေ့စဉ်နံနက် (၀၉း ၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း အောက်ဖော်ပြပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

အဆိုပြုလွှာပုံစံများ ထုတ်ယူရန်လိပ်စာ	**အဆိုပြုလွှာတင်သွင်းရန်လိပ်စာ**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ် (၇)၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန

ဖုန်း ၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၂၃

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အလင်းရောင် (၁)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၁၅၃၆)တွင် ပါတီရုံးချုပ်တည်ရှိသော **လမ်းပြကြယ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၅-၃-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင်ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါ အတိုင်း အသုံးပြုမည်ဖြစ်ကြောင်းတင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

လမ်းပြကြယ်ပါတီ၏ အလံပုံစံ

လမ်းပြကြယ်ပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် မတ် ၂၅ ရက်တွင် **ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီနှင့် လမ်းပြကြယ်ပါတီ** တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁) ရပ်ကွက်၊ ၄၀×၄၁ နှင့် ၆၇×၆၈ လမ်းကြား၊ ကုံကော်လမ်း၊ အမှတ်(ခ-၁/၇၀-ခ)တွင် ပါတီရုံးချုပ်တည်ရှိသော **ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၅-၃-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရှမ်းနီ(တိုင်းလိုင်)နှင့်မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ၏ အလံပုံစံ

ရှမ်းနီ(တိုင်းလိုင်)နှင့်မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တယ်လီဖုန်းသုံးစွဲသူများသို့ အသိပေး တင်ပြချက်

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အော်တိုတယ်လီဖုန်း အိတ်ချိန်းများကို ပိုမိုကောင်းမွန်သည့် ခေတ်မီ Multi Service Acess Node (MSAN) အိတ်ချိန်းဖြင့် အဆင့်မြှင့်တင်ပြီးဖြစ်ပါ၍ လက်ရှိသုံးစွဲလျက်ရှိသည့် ၀ဏန်းငါးလုံးနှင့် ၀ဏန်းခြောက်လုံး တယ်လီဖုန်းနံပါတ်များအား ၀ဏန်းခုနစ်လုံးနံပါတ် အသစ်များဖြင့် မတ် ၂၇ ရက် ၂၄ နာရီမှစ၍ အောက်ပါအတိုင်း ပြောင်းလဲသတ်မှတ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး တင်ပြအပ်ပါသည်။

လက်ရှိနံပါတ်

- ၀၅၂-၂××××
- ၀၅၂-၂၀××××
- ၀၅၂-၃၀×××

ပြောင်းလဲမည့်နံပါတ်

- ၀၅၂-၂၂၂××××
- ၀၅၂-၂၂၀××××
- ၀၅၂-၂၂၃၀×××

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ အားကင်းကွာ

Aye Yar River View Resort
Old Bagan, Myanmar

မြန်မာ့ နှစ်သစ်ကူး Promotion
(For local residents only valid between April 1-30, 2015)

Single - US$ 79 nett
Twin Sharing - US$ 109 nett
Free Service Included
Wi-Fi Access
Welcome drinks upon arrival
Use of Bicycle for one hour
Use of outdoor swimming pool & mini-Gym
Use of Myanmar or Thai Traditional massage for 30 minutes at Spa Irrawaddy
Daily American breakfast
Special Discount
15% discount on consumption of Food & beverage
Guaranteed early check-in
1 night stay in Deluxe room
Reservation Inquiry:
092042628, 092042629, 09421156008, 092042135

ပြည်တွင်းသတင်း

တာချီလိတ်၌ အမျိုးသမီးတစ်ဦးကို ပြန်ပေးဆွဲသွားသူများ ဖမ်းဆီးရမိ

တာချီလိတ် မတ် ၂၅

ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသ ထိုင်း-မြန်မာ နယ်စပ်မြို့ဖြစ်သည့် တာချီလိတ်မြို့ မိုင်းကိုးကျေးရွာအုပ်စု ဝမ်ကဲ(၁)ရွာ၌ မတ် ၂၂ ရက်က အမျိုးသမီးတစ်ဦးကို လူတစ်စုက သေနတ်ပြ၍ ခြိမ်းခြောက်ကာ ကားဖြင့် ဖမ်းဆီးခေါ်ဆောင် ပြန်ပေးဆွဲသွားသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ယနေ့တွင်အမှု၌ ပါဝင်ပတ်သက်သူ ရှစ်ဦးကို လက်နက်ခဲယမ်းများနှင့် အတူ တာချီလိတ်ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အမှုဖြစ်စဉ်နှင့် ပတ်သက်၍ တရားလိုဖြစ်သူ ဒေါ်နန်းလုံ၏ တိုင်ကြားချက်အရ မတ် ၂၂ ရက် ည ၁၀ နာရီခန့်က ၄င်းသည် နေအိမ်ခြံဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်နေစဉ် နေအိမ်ရှေ့၌ ဖော်ကျူးနား အဖြူရောင်ကားတစ်စီးရပ်ပြီး ကားပေါ်မှ အိုက်ကျိုင်း၊ အားဆစ်နှင့် အခြား အမျိုးသားတစ်ဦးတို့ ဆင်းလာပြီး အားဆစ်က ရှမ်းဘာသာစကားဖြင့် အိုက်မွန်းရှိလားဟု မေးကြောင်း၊ အိုက်မွန်းမရှိကြောင်း ပြန်လည်ဖြေသည့်အခါတွင် အိုက်မွန်း၏ဇနီးဖြစ်သူ မနန်းအဲကို ခေါ်ပေးရန် ပြောသဖြင့် ၄င်းက ခေါ်ပေးသည့်အခါ အိုက်ကျိုင်းပါဝင်သည့် အမျိုးသားသုံးဦးသည် မနန်းအဲကို ကားပေါ်သို့ ဆွဲတင်သွားသဖြင့် ၄င်းကမလုပ်ရန်နှင့်ကယ်ပါဦးဟု ပတ်ဝန်းကျင်ကို အကူအညီ တောင်းခံသည့်အခါ အားဆစ်က သေနတ်အတိုတစ်လက်ဖြင့်ခိုန်ရွယ်သောကြောင့် ၄င်းက ဆက်မအော်တော့ဘဲ ရှိနေစဉ် မနန်းအဲကို အမျိုးသားသုံးဦးက ကားဖြင့် တင်ဆောင်သွားကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ တာချီလိတ်မြို့မ ရဲစခန်းမှူး၊ ဒုတိယရဲမှူး ကျော်သန်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် မိုင်းကိုးပြည်သူ့စစ်အဖွဲ့ခေါင်းဆောင် ဦးကျအုအဖွဲ့တို့နှင့်ပူးပေါင်း၍ မိုင်းကိုးကျေးရွာအုပ်စုရှိ ဟိုရမ်း(မိုင်)ရွာ ဦးဆူးဝမ်း၏ ရော်ဘာခြံအတွင်း ဝင်ရောက်ရှာဖွေရာမှ သေနတ်အတိုလေးလက်၊ ပွိုင့် ၂၂ သေနတ်အရှည် တစ်လက်၊ ခဲယမ်းများနှင့်အတူ ပြစ်မှုကျူးလွန်သူ ရှစ်ဦးကို ဖမ်းဆီးရမိကြောင်း တာချီလိတ်မြို့မရဲစခန်းမှ သိရသည်။

ဖမ်းဆီးရမိသော ပြစ်မှုကျူးလွန်သူ ရှစ်ဦးအနက် အားဆစ်၏ ထွက်ဆိုချက်အရ ၄င်းတို့ခေါ်ဆောင်သွားသော မနန်းအဲအား တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ နေအိမ်တွင် ဝှက်ထားကြောင်း ဝန်ခံသည့်အတွက် ရဲတပ်ဖွဲ့က သွားရောက်ရှာဖွေရာ မနန်းအဲကို အဆိုပါနေအိမ်တွင် တွေ့ရှိရသည့်အတွက် ပြန်လည်ခေါ်ဆောင်လာနိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးလျက်ရှိကြောင်း တာချီလိတ်မြို့မရဲစခန်းမှ သိရသည်။

ဆက်လက်၍ သက်ဆိုင်ရာက လက်နက်များနှင့်အတူ ဖမ်းဆီးရမိသည့် အားဆစ်အပါအဝင် ရှစ်ဦးကို တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

မောင်ယဉ်ကျေး

ပိုလ်ရာညွှန့်တိုက်အခန်းအတွင်း မီးလောင်ရာမှ အမျိုးသားတစ်ဦးသေဆုံး

ရန်ကုန် မတ် ၂၅

မတ် ၂၄ ရက် ညနေ ၆ နာရီခွဲက ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွှန့်လမ်းရှိ တိုက်အမှတ် (၈၁/၈၃) လေးခန်းတွဲ ခြောက်ထပ်တိုက်၊ လေးလွှာ၊ အခန်းအမှတ် B-4 နေ စင်ကာပူနိုင်ငံသားအဖြစ် ခံယူထားသူ ကိုထင်ကျော် (အိမ်ဌား)၏အခန်း၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရသည့်အကြောင်းမှာ အခန်းအတွင်းရှိ ဂက်စ်အိုးပေါက်ကွဲမှုကြောင့် လောင်ရသည်ဟု ပတ်ဝန်းကျင်နေသူများက ဆိုထားသည်။ မီးသတ်အရာရှိတစ်ဦးက "ဂက်စ်အိုးမီးလောင်မှုဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဘာကြောင့် လောင်ရတယ်၊ ဖြစ်ရိုးဖြစ်စဉ်လောင်ကျွမ်းမှုလား၊ ဒါမှမဟုတ် ဖန်တီးမှုလားဆိုတာ ဆန်းစစ်နေဆဲပါ" ဟု ဖြေကြားမှုရှိထားသည်။

မီးလောင်မှုကြောင့် အိမ်ဌားဖြစ်သူ ကိုထင်ကျော်ဟု ယူဆရသော (၃၅ နှစ်)ခန့် အမျိုးသားတစ်ဦးမှာ ခုတင်ပေါ်၌ တစ်ကိုယ်လုံးမီးလောင်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရသည်ဟုဆိုသည်။ ထို့အပြင် သေဆုံးသူအိပ်နေသည့် မွေ့ရာ(သံစပရင်)တစ်ခု၊ အဝတ်နန်းနှစ်လုံးနှင့် ဗီရိုတစ်လုံးတို့ မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်စုံမှ မီးငြိမ်းသတ်ရေးယာဉ် အစီး ၂၀၊ မီးငြိမ်းသတ်ရေးအဖွဲ့ဝင် ၁၅၀ ခန့်၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀ ခန့်တို့က လာရောက်ငြိမ်းသတ် အကူအညီပေးကြသည်။

လောင်နေသောမီးအားကို ညနေ ၆ နာရီ မိနစ် ၅၀ ခန့်တွင် ထိန်းပေးနိုင်ခဲ့ပြီး ည ၇ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

ကိုကြီးတင်

ဘုတ်ပြင်းမြို့နယ် ဗိုလ်ဓားကျေးရွာ အရှေ့တောင်ဘက် နှစ်မိုင်ခန့်၌ မြေမြှုပ်မိုင်းနင်းမိ၍ ပေါက်ကွဲမှုဖြစ်

မြိတ် မတ် ၂၅

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ဗိုလ်ဓားကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာတွင် မတ် ၂၄ ရက် နံနက် ၈ နာရီခန့်က ရွာသားတစ်ဦး မြေမြှုပ်မိုင်းနင်းမိ၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော့သောင်းခရိုင် ပြည်ကြီးကဏ္ဍိုင်မြို့ လေညာကျေးရွာအုပ်စု ချောင်းဆုံကျေးရွာနေ မောင်ခင်ဇော်ဦး(၁၄နှစ်)နှင့် ဦးလေးတော်စပ်သူ ဦးမင်းအောင် (၃၇ နှစ်) တို့သည် မတ် ၂၄ ရက် နံနက် ၈ နာရီက ဘုတ်ပြင်းမြို့နယ် ဗိုလ်ဓားကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာတွင်ရှိသော ဘုံစွန်းချောင်းဖျားရှိ သက်ကယ်ပြင်ဒေသတွင် ကတော့စေ့များ သွားကောက်ရာမှ မြေမြှုပ်မိုင်းနင်းမိပြီး ပေါက်ကွဲမှုဖြစ်ပွားရာ မောင်ခင်ဇော်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် မတ် ၂၄ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ပြည်ကြီးကဏ္ဍိုင်ဆေးရုံသို့ ပို့ဆောင်ကုသရာမှတစ်ဆင့် ည ၉ နာရီတွင် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသလျက်ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇/ ၅၂၁၀၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈/၃၈၂၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

ပျောက်ဆုံးကြောင်း

ကျွန်တော်စောဂေဒိုဝါး ၇/တဂန(နိုင်)၁၅၆၃၃၃၏ Passport စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၅၆၅၃၃၆

CLAIMS DAY NOTICE

M.V MAGNY COURS EXPRESS

VOY:NO(14A)

Consignees of cargo carried by M.V MAGNY COURS EXPRESS VOY: NO.(14A) are here by notified that the vessel will arrive on about 27-3-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တဲ့တားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဆရာဒွေ အင်္ဂလိပ်စာ သင်္ဘာ
အရေးသီးသန့် နှင့် Speaking

တစ်နိုင်ငံလုံးမှာ မူလတီတွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(၀/၃တွဲ) အပြီးပြီ ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ Guide များအဖြစ်လိုက်သင်သည်။
ပြေလ(၂/ ၄)ရက်နေ့ (၀/ ၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ မန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်အုတ်စက်ရုံ(ပန်းတင်)မှ အုတ်စိမ်းစက်များအား နေပြည်တော်အုတ်စက်ရုံ(မင်းကုန်း)သို့ ရွှေပြောင်းတပ်ဆင်ခြင်း လုပ်ငန်းနှင့် အုတ်ထုတ်လုပ်မှုအတွက် လိုအပ်သောစက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) နေပြည်တော်အုတ်စက်ရုံ(ပန်းတင်)၌ တပ်ဆင်ထားသည့် အုတ်စိမ်းစက်ပိုင်းဆိုင်ရာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာများအား နေပြည်တော်အုတ်စက်ရုံ (မင်းကုန်း)သို့ ရွှေပြောင်းတပ်ဆင်ခြင်းလုပ်ငန်း

(ခ) ဝယ်ယူလိုသည့်ပစ္စည်းများ

	စဉ်	အမျိုးအမည်	အရေအတွက်
	(၁)	အုတ်တင်တွဲ(Kiln Car)	50 Nos
	(၂)	မီးသင်းဖိုဌ် ကျောက်မီးသွေးကျွေးရန်(Burner Point)	8 Points
	(၃)	အုတ်တင်တွဲများရွှေပြောင်းရန်(Transfer Car)	2 Sets
	(၄)	အုတ်တင်တွဲများဆွဲရန် (Winch)	2 Sets

၂။ (က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၆-၃-၂၀၁၅ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၆-၄-၂၀၁၅ရက်၊ ၁၆း၀၀ နာရီ
(ဂ) **တင်ဒါသွင်းရမည့်နေရာ** - ဗဟိုပစ္စည်းထိန်းဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်းအောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။

ဗဟိုပစ္စည်းထိန်းဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၁၄၆၂၃

ပစ္စည်းဝယ်ယူရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ကချင်ပြည်နယ်၊မိုးမောက်မြို့နယ်၊ မင်းကျွန်းကျေးရွာနေ ဦးအောင်ကျန်၏သမီး မကွမ်းရင်အား ယနေ့မှစ၍ မသျှားထက်သန္တာအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဦးအောင်ကျန်မင်းကျမ်းကျေးရွာ၊ မိုးမောက်မြို့**

လှိုင်သာယာမြို့နယ် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ စီမံကိန်းအပိုင်း(၁) ဝယ်ယူခွင့်ရရှိသူများအား အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ စီမံကိန်းအပိုင်း(၁)အား ဝင်ငွေနည်းပြည်သူများ အိမ်ရာပိုင်ဆိုင်ခွင့်ရရှိစေရေးကိုဦးတည်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ မဲစနစ်ဖြင့် ရွေးချယ်ကာ ဝယ်ယူခွင့်ရရှိသူများအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ၂-၂-၂၀၁၅ရက်နှင့် ၃-၂-၂၀၁၅ရက်၌ တာဝန်ရှိသူများက တိုက်ခန်းပိုင်ဆိုင်ခွင့်နှင့် နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။

ယခုအခါ ၅-၃-၂၀၁၅ရက်မှစတင်၍ အိမ်ခန်းများတွင် တက်ရောက်နေထိုင်ခွင့် ပြုလျက်ရှိပါသည်။ တိုက်ခန်း၀ယ်ယူခွင့် မဲပေါက်သူများသည် အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်ပြို့နယ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)ဖုန်း-၀၁-၃၇၉၀၆၁၊ ၀၁-၂၅၄၆၈၄၄တို့သို့ အမြန်ဆုံးလာရောက်ဆက်သွယ်နိုင်ပါရန်နှင့် ၃၀-၄-၂၀၁၅ရက်အထိ လာရောက်ဆက်သွယ်ခြင်းမရှိပါက ဝယ်ယူရန် စိတ်ဝင်စားမှုမရှိဟုယူဆ၍ ဝယ်ယူခွင့်မှ ပယ်ဖျက်မည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ကြော်ငြာ

Congratulations to
APEX Airline Public Co.,Ltd.
on the official launch of
APEX Airlines
on
25th March 2015
Nay Pyi Taw
Yangon
Dawei
Myeik
Kawthoung
From
APEX G&G Group Hotel Ltd.
Royal Lotus
NOVOTEL
YANGON MAX
GLOBAL TREASURE BANK
AYA Bank
YOMA BANK
The Responsible Bank
A.N.H
SHWE YAMONE
DDPC
ထားဝယ်မဲ့ဖြိုးတိုးတက်မှုအမျှားပိုင်ကုမ္ပဏီလိမိတက်
DAWEI DEVELOPMENT PUBLIC CO. LTD.
NGAPALI
Construction Co., Ltd.
Family Business Group Hotel Limited
UNITED AMARA BANK
UAB

ဆောင်းပါး

ရခိုင်ပြည်နယ်တစ်ဝန်း လျှပ်စစ်အလင်းရောင်များ လွှမ်းတော့မည်

(မောင်မောင်-လျှပ်စစ်)

မတ်လ ၂ ရက်နေ့ ထုတ်မြန်မာ့အလင်းသတင်းစာ၌ "ကျောက်ဖြူမြို့ သဘာဝဓာတ်ငွေ့သုံးမီးစက်များမှ ရခိုင်ပြည်နယ် နှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း အခမ်းအနားကျင်းပ" ခေါင်းစဉ်ပါ သတင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကျောက်ဖြူမြို့ GAS Engineများမှ ရခိုင်ပြည်နယ်နှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့ ဂုန်းချွန် ကျေးရွာ၌ ကျင်းပသည် စသည့်သတင်းကို ဖတ်ရှုလိုက်ရပါသည်။

အဆိုပါ သတင်းမှာ ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားတို့အတွက် ထူးထူးကဲကဲ အလွန်ကျက်သရေမင်္ဂလာရှိသော မင်္ဂလာသတင်းတစ်ပုဒ်ပင်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားသည် ပြည်သူတို့အတွက် နိုင်ငံအတွက်စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သော့ချက်တစ်ခုပင်ဖြစ်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်း လျှပ်စစ်စွမ်းအင် အရင်းအမြစ်အမျိုးမျိုးဖြစ်သည့် ရေအားသဘာဝဓာတ်ငွေ့၊ လေစွမ်းအင်၊ နေစွမ်းအင်၊ ကျောက်မီးသွေး စသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ရှာဖွေ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်သည် ရေမြေသဘာဝ၊ ရေခံမြေခံ အခြေခံကောင်းများနှင့် ရေအောက် သယံဇာတများ၊ အလျှံပယ်ပေါကြွယ်ဝသည့် အခြေခံကောင်းများ ရှိသော်ငြားလည်း တောတောင်ထူထပ်ပြီး မြစ်ချောင်းများ ပေါများသည့် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ပြီး ရှည်လျားသောတောင်တန်းများနှင့် ကျယ်ပြန့်သည့် ပင်လယ်ပြင်တို့က တားဆီးထားသည့်အတွက် အခြားဒေသများနှင့်ဆက်သွယ်ရန် အခက်အခဲရှိသည့် ပြည်နယ်တစ်ခုဖြစ်ရုံသာမက ယင်းပြည်နယ်အတွင်းတွင် မြစ်ချောင်းများစွာရှိနေသည့်အတွက် မြို့နယ်အချင်းချင်း ကူးလူးဆက်ဆံသွားလာရာတွင် ခက်ခဲသည့်အခြေအနေ များရှိနေခြင်းကြောင့် ဒေသဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။

သို့ဖြစ်၍ ရခိုင်ပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားရရှိရေးကို အားသွန်ခွန်စိုက်အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေတို-ရေရှည်အစီအမံများ ချမှတ်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရေတိုကာလအတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အမြန်ဆုံးတပ်ဆင်ပြီးစီးနိုင်မည့် သဘာဝဓာတ်ငွေ့နှင့်လောင်စာဆီသုံး လျှပ်စစ်ဓာတ်အားပေးစက်များအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စီမံဆောင်ရွက်မှု၏ အကျိုးရလဒ်အဖြစ် ရခိုင်ပြည်နယ်တွင် ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့စတင်သုံးစွဲနိုင်သည်နှင့်တစ်ပြိုင်နက် ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးနိုင်ရန် ၄ ဒသမ မဂ္ဂါဝပ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် အင်ဂျင်စက်များ ဌားရမ်းပြီးစီစဉ်ဆောင်ရွက်မှုကြောင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် ပတ်ဝန်းကျင်ဒေသများနှင့် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့က ပထမဦးစွာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ်နှင့် အနီးစပ်ဆုံးဖြစ်သည့် ဥသျှစ်ပင်ဓာတ်အားခွဲရုံမှတစ်ဆင့် တောင်ကုတ်-မအီ-ကျောက်ဖြူတို့ကို မဟာဓာတ်အားလိုင်းများသွယ်တန်းတည်ဆောက်ပြီး ဓာတ်အားစနစ်နှင့်ချိတ်ဆက်ပေးနိုင်ခဲ့သည်။ ထိုသို့ ၂၃၀ ကေဗွီဓာတ်အားလိုင်း စုစုပေါင်း ၄၀၈ ဒသမ ၂၅ မိုင် တည်ဆောက်ရာတွင် ရှည်လျားမြင့်မားသည့် ရခိုင်ရိုးမကိုဖြတ်ကျော်တည်ဆောက်ရသည့်အတွက် လေးလံသောလုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အခက်အခဲများစွာတွေ့ကြုံကျော်ဖြတ်ခဲ့ကြရသည့်အပြင် မိုးများသောဒေသဖြစ်သည့်အတွက် ဓာတ်အားလိုင်းတည်ဆောက်ရေးဝန်ထမ်းများမှာ မိုးထဲ၊ ရေထဲဇွန်းပဲကြီးစွာ ဓာတ်အားလိုင်းများ တည်ဆောက် တပ်ဆင်ကြရသည်။

ယင်းသို့ ကျရာတာဝန်ကို မခိုမကပ်ဆောင်ရွက်မှုတို့ကြောင့် မှတ်မှတ်ထင်ထင် ရခိုင်ပြည်နယ်၏ နေ့ထူးနေ့မြတ်သမယဖြစ်သည်။ "ရခိုင်ပြည်နယ်နေ့" ဖြစ်သည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် တောင်ကုတ်မြို့၊ ငပလီမြို့၊ အမ်းမြို့၊ စစ်တွေမြို့၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့များသို့ နိုင်ငံတော်ဓာတ်အားပေးစနစ်ဖြင့် ချိတ်ဆက်ကာ လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ရခိုင်ပြည်နယ်တစ်ဝန်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရေး စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာစုစုပေါင်း ၁၀၂ ဒသမ ၄၁၉ သန်းနှင့် ပြည်တွင်းသုံးငွေကျပ် ၈၈၂ ဒသမ ၁၀၈ ဘီလီယံအကုန်အကျခံ သုံးစွဲခဲ့ရသည်။

ရခိုင်ပြည်နယ်အတွက် "မပြီးသေးသော ပန်းချီကားတစ်ချပ်" သဖွယ် ၂၀၁၅ ခုနှစ်အတွင်းဓာတ်အားစနစ်ဖြင့် မင်းပြား၊ မဒေးကျွန်း၊ ပေါက်တော၊ မြေပုံ၊ မအီ၊ ဂွ၊ ကန်ထောင့်ကြီးစသည့်မြို့များကို ဓာတ်အားစနစ်ဖြင့် မီးလင်းစေရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ဤသို့ ဓာတ်အားစနစ်ဖြင့် လျှပ်စစ်မီးရရှိစေရန် ဆက်လက် လုပ်ဆောင်နေသည့် မြို့များအပြင် ကျိန္တလီမြို့နယ်ခွဲ၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်၊ တောင်ပြိုလက်ဝဲမြို့နယ်ခွဲများကိုပါ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ရခိုင်ပြည်နယ်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေလိုသော ဆန္ဒဖြင့် လျှပ်စစ်ဓာတ်အားများရရှိစေရေးအတွက် ရေတို စီမံချက်များရေးဆွဲတည်ဆောက် အကောင်အထည်ဖော်ခဲ့၍ ယခုအခါ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနေကြပြီဖြစ်သည်။ သို့ရာတွင် ရခိုင်ပြည်နယ်အတွက် လျှပ်စစ်ဓာတ်အား အများအပြားရရှိသုံးစွဲနိုင်ရန်အတွက် "ရေရှည်စီမံချက်တစ်ခုဖြစ်သည့် သူဌေးရေအားလျှပ်စစ်စီမံကိန်းကို ရခိုင်ပြည်နယ် သံတွဲမြို့၏ အရှေ့မြောက်ဘက် (၁၂) မိုင်ခန့်အကွာ "သူဌေးချောင်း"ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ မကြာမီနှစ်များအတွင်း တည်ဆောက်ပြီးစီးတော့မည်ဖြစ်သည်။

အဆိုပါ "သူဌေးရေအားလျှပ်စစ်စီမံကိန်း"ပြီးစီးပါက ရခိုင်ပြည်နယ်အတွက် စက်တစ်လုံးလျှင် တပ်ဆင်အင်အား ၃၇ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ် ပေးနိုင်မည့် စက်သုံးလုံး၊ စုစုပေါင်းစက်တပ်ဆင်အင်အား ၁၁၁ မဂ္ဂါဝပ်မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှကီလိုဝပ် နာရီသန်းပေါင်း ၃၈၆ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ မကြာမီနှစ်များအတွင်း ရခိုင်ပြည်နယ်တစ်ဝန်း လျှပ်စစ်အလင်းရောင်များ လွှမ်းတော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါး လိုက်ရပါတော့သည်။

တာချီလိတ်၌ ရွှေကောက်ပွဲဆိုင်ရာ ဆွေးနွေး

တာချီလိတ် မတ် ၂၅

ရွှေကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆွေးနွေးပွဲကို မတ် ၂၃ ရက်က တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တာချီလိတ်ခရိုင်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးသန့်စင်က ရွှေကောက်ပွဲလုံခြုံရေးဆိုင်ရာများအား အကျယ်တဝင့်ရှင်းလင်းတင်ပြကာ မီဒီယာများက သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။ အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ တာချီလိတ်ခရိုင်အတွင်းရှိ မြန်မာနိုင်ငံ

ရဲတပ်ဖွဲ့မှ ရဲအရာရှိသင်တန်းသား ၂၀ တက်ရောက်ကြကာ သင်တန်းပို့ချခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မောင်ယဉ်ကျေး

သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

မိုးညှင်း မတ် ၂၅

နှစ်(၇၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မိုးညှင်းမြို့ နန်းရင်းချောင်း ရေစီးရေလာကောင်းမွန်ရေး၊ ချောင်းဘေးဝဲယာသန့်ရှင်းရေး လုပ်ငန်းများကို မတ်လစတုတ္ထပတ်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည့် လုပ်အားရှင်စစ်သည်များ၊ ဌာနဆိုင်ရာဝန်ထမ်းများကို မိုးညှင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက အာဟာရဒါနများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဦးစီးရှေ့မြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်
MEC
MYANMAR EDUCATION CENTRE
မြန်မာ့ပညာရေးအောင်မြေ
ကိုယ်ပိုင်ကျောင်း
သူငယ်တန်းမှ ဒသမတန်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် ကက - ၁၃/၀၂/၀၉၃
၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ
ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ဓရေပင်လမ်းမကြီး၊ မဂ်လာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ဝိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မဂ်လာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၁-၆၃၅၀၄၂
ကျောင်းပုံစံနှင့် ပြင်ဆင်မှု
MEC ကျယ်ဝန်းသော ကိုယ်ပိုင်မြေပေါ်တွင် ကျောင်းပုံစံဆောက်လုပ်ထား၍-
• စာသင်ခန်းများ ကျယ်ဝန်းပြီး လေဝင်လေထွက်နှင့် အလင်းအား အထူးကောင်းမွန်ခြင်း
• ဘေးကင်းလုံခြုံမှုရှိ၍ ကျယ်ဝန်းသော အားကစားကွင်းပါရှိခြင်း
• ကျောင်းသားကျောင်းသူ ဝင်ဆံ့အားနှင့် အဆောက်အဦး၏ ခံနိုင်ရည်တို့ကို သေချာစွာ တွက်ချက်၍ဆောက်လုပ်ထားခြင်းကြောင့် လုံခြုံစိတ်ချရမှုရှိခြင်း
• ကျောင်းနေရာ တည်ငြိမ်မှုရှိခြင်း (မပြောင်းရွှေ့ရပါ)တို့နှင့် ပြည့်စုံပါသည်။
MEC စာသင်ခန်းတိုင်းတွင် လေအေးပေးစက် (Air Condition)များ အပြည့်တပ်ဆင်ထားပြီး၊ သောက်သုံးရေအတွက် ရေသန့်စက် တပ်ဆင်ထားရှိပါသည်။
သင်ကြားမှုပုံစံ၊ စနစ်နှင့် ဖွဲ့စည်းပုံ
MEC နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ၊ ဆရာမများမှ စဉ်ဆက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ (အစိုးရ ကျောင်းကြီးတက်ရန်နှင့် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။)
MEC စေတနာနှင့် ဝါသနာတို့ကို အရင်းခံပြီး ထပ်ဆောင်း၍-
• အင်္ဂလိပ်စာစွမ်းရည် မြင့်မားတိုးတက်စေရန် အင်္ဂလိပ်စာ (4 skills)ကို ဖြည့်စွက်၍ သင်ကြားပေးခြင်း
• စိတ်တည်ငြိမ် နှုးညံ့မှုရှိစေရန် ပန်းချီပညာသင်ကြားပေးခြင်း
• ကိုယ်ကာယ ကျန်းမာကြံ့ခိုင်စေရန် မြန်မာ့ရိုးရာသိုင်းပညာ သင်ကြားပေးခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။
MEC နောင်အနာဂတ်တွင် နိုင်ငံ၏ သားကောင်း၊ သမီးကောင်းများ ဖြစ်လာမည့် ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည်အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အဓိကထား၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည်ဖြစ်ပါသည်။
MEC တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ အငြိမ်းစား (ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ)နှင့် ပညာရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းဆရာဖြစ် မှတ်ပုံတင်လက်မှတ်ရ (Ph.D, M.Sc, M.Ed, B.Ed, M.A ဆရာ အတတ်သင်ဆင်း) ဆရာ၊ ဆရာမများ အင်အားများစွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်ကျောင်းကြီး ဖြစ်ပါသည်။
ကျောင်းရိုက်နှင့် ဖွင့်မည့်နေ့
MEC မနက် ၈း၀၀ မှ ၁း၃၀ နာရီအထိ၊ MEC ဖွန်လ (၃) ရက်နေ့ ကျောင်းဖွင့်ပါမည်။ MEC ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိပါသည်။
ပူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို ပိုင်နိုင်စွာ သင်ကြားနိုင်သော အင်တူဆုကြေးရှိ ဆရာ၊ ဆရာမများ၊ အင်္ဂလိပ်စာ 4 Skills ၊ ပန်းချီ သင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများ အလိုရှိသည်။

ပြည်တွင်းသတင်း

နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

တောင်ကုတ် မတ် ၂၅

မိုးပွင့်အထူးစီမံချက်ဖြင့် ကွင်းဆင်းပြုလုပ်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ မတ် ၂၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဦးစီးဌာနမှူး ဦးခင်စိုးက ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော မိုးပွင့်အထူးစီမံချက်၊ ယာယီသက်သေခံကတ်ပြား အပ်နှံ၊ လက်ခံဆောင်ရွက်မှု၊ နိုင်ငံသားစိစစ်မှု အခြေအနေများအကြောင်း ဆွေးနွေးခဲ့ပြီး ပြည်နယ်ဦးစီးဌာနမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်သူများ ထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား တစ်ဦးချင်း ပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဖွင့်

သထုံ မတ် ၂၅

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ခွဲ၌ မတ် ၂၃ ရက် နံနက် ၈ နာရီခွဲက ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဖွင့်လှစ်ခဲ့သည်။

အခမ်းအနားကို ကရင် အမျိုးသားသီချင်းကို သံပြိုင်သီဆို ဖွင့်လှစ်ခဲ့ပြီး ဇောတိကာရုံ ဆရာတော် ဦးအိန္ဒာစက္ကက ဆုံးမ သြဝါဒစကားပြောကြား၍ ကရင် ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးအေးမြက ကျောင်းတွင်း ကျောင်းပြင်ပနေ ကရင်လူငယ်များ ကရင်စာပေမတတ်မဖြစ်ရလေအောင် အတတ်နိုင်ဆုံး ကြိုးစား၍ သင်ယူကြစေရန် ပြောကြားသည်။

ကရင်စာပေ နှင့်ယဉ်ကျေးမှု သင်တန်းကို မတ် ၂၃ ရက်မှ ဧပြီ ၆ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းတက်ရောက်သူ ၇၅ ဦး ခန့်ရှိကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် ကျန်းမာရေးထိခိုက်နိုင်

မိတ္ထီလာ မတ် ၂၅

မိတ္ထီလာမြို့ ပြည်သာယာ ၁ လမ်း မြတ်နိုးပီတိတံတားအနီးကြက်တိရစ္ဆာန်များ၏ အမွေးအတောင်များ၊ အညစ်အကြေးများနှင့် အမှိုက်သရိုက်မျိုးစုံကို စည်းကမ်းမဲ့စွန့်ပစ်မှုများကြောင့် ဖြတ်သန်းသွားလာသူများနှင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများအတွက် ကျန်းမာရေးထိခိုက်မည်ကို စိုးရိမ်နေရကြောင်း သိရသည်။

"ပြည်သာယာ ၁ လမ်း မြတ်နိုးပီတိတံတားအနီးမှာ အမှိုက်သရိုက်မျိုးစုံနဲ့ အညစ်အကြေးတွေကို လာရောက် စွန့်ပစ်ထားတာကြောင့် အနံ့ဆိုးတွေထွက်နေပါတယ်။ အမှိုက်နဲ့ အညစ်အကြေးတွေကို စည်းကမ်းမဲ့ စွန့်ပစ်ထားမှုကြောင့် ပြည်သာယာ ၁ လမ်းတစ်လျှောက် ဝန်ထမ်းအိမ်ရာအနီး မြတ်နိုးပီတိတံတားတစ်ဝိုက်နဲ့ ဌာနဆိုင်ရာ ရုံးခြောက်ခု တည်ဆောက်မယ့်နေရာ ပတ်ဝန်းကျင်မှာလည်း ကျန်းမာရေးထိခိုက်နိုင်တဲ့ အမှိုက်သရိုက် အညစ်အကြေးတွေရဲ့ အနံ့ဆိုးတွေကို ဖြတ်သန်းသွားလာသူတွေနဲ့ အနီးဝန်းကျင်မှာ နေထိုင်သူတွေနေ့စဉ် ရှုရှိုက်နေရတယ်။ ဒီထက်ပိုပြီးတော့ အမှိုက်သရိုက်အညစ်အကြေး စွန့်ပစ်မှုတွေများလာရင် ပိုမိုဆိုးရွားလာနိုင်ပါတယ်"ဟု ပြည်သာယာရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။ **ထီလာသား**

တပ်မတော်သားစစ်သည်များ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၌ သွေးလှူဒါန်း

ရန်ကုန် မတ် ၂၅

နှစ်(၇၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်မြေခံတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ဆွေဝင်း ဦးဆောင်၍ ရန်ကုန်တပ်နယ်မှ စစ်သည်များ တပ်မတော်သား အရာရှိ/ အရာခံ အကြပ်စစ်သည်နှင့် ၄င်းတို့၏ဇနီးများ မတ် ၂၁ ရက် နံနက်က အင်းစိန်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဌာနခွဲ သွေးလှူဒါန်းခဲ့ကြသည်။ သွေးလှူဒါန်းကြသည့် တပ်မတော်သားများအား ဆေးရုံအုပ်ကြီး၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးစစ်ဆေးပေးခြင်း၊ ခန္ဓာကိုယ်အလေးချိန်များ ချိန်တွယ်ပေးခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန်)**

တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးပြု၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံခန်းမ၌ စီးကွင်းထိုးနည်းသင်တန်းကို မတ် ၁၃ ရက်မှ ၃၁ ရက်အထိ နှစ်ပတ်ကြာ သင်တန်းပို့ချပေးလျက်ရှိရာ မတ်၂၂ရက်က သင်တန်းသူများ လက်တွေ့လေ့ကျင့်သင်ယူနေကြစဉ်။

(မြို့နယ် ပြန်/ဆက်)

4 HD + TV 5 NETWORK
NEW YEAR PROMOTION
ရုပ် သံ လိုင်း ပေါင်း များ စွာ
တစ်ရက် ၁၀၀ ကျပ်
မတ်လ (၃၁) ရက်နေ့ အထိသာ
ဒီအခွင့်အရေး လက်မလွတ်စေဖို့ နီးရာဆိုင်မှာ အခုပဲ သက်တမ်းသွားတိုးကြပါစို့...
(၃)လစာ / (၆)လစာ / (၁၂)လစာ သက်တမ်းတိုးနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက ဖုန်း ၀၁-၄၀၀၈၇၈၊ ၀၁-၂၃၀၆၁၆၆

ပြည်တွင်းသတင်း

ကျေးလက်လမ်းသစ် ဖွင့်ပွဲကျင်းပ

ဖလမ်း၊ မတ် ၂၅

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ် ဖလမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၄ ဒသမ ၇၆၀ သန်းဖြင့် ဖောက်လုပ်ခဲ့သော ကူလ်ဇမ်-လာသီး ကျေးလက်လမ်းဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပခဲ့ရာ ဖလမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းက အမှာစကားပြောကြားပြီး ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေး၊ ဖလမ်းမြို့မိမြို့ဖကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ လမ်းဖောက်လုပ်ပြီးစီးသဖြင့်ဖလမ်းမြို့နယ် အတွင်းရှိ ကျေးရွာ လေးရွာမှ ဒေသခံပြည်သူ ၁၀၀၀ ကျော်အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူလာပြီဖြစ်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ဝါးခုတ်သွားစဉ်ဖမ်းမိခဲ့သော ဝက်ဝံပေါက်နှစ်ကောင်ကို တိရစ္ဆာန်ဥယျာဉ်သို့ လွှဲပြောင်းလှူဒါန်း

ကသာ မတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်မှ ဝါးခုတ်သူများက တောထဲတွင်ဖမ်းဆီးရမိသော ဝက်ဝံပေါက်နှစ်ကောင်ကို တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)သို့ မတ် ၂၂ ရက်က လွှဲပြောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

ကသာမြို့နယ် ပျဉ်ထောင်လေးကျေးရွာနေ ဦးရှမ်းနှင့်အဖွဲ့သည် ရှမ်းပြည်နယ် မဘီမ်းမြို့နယ် ကျွန်းတောကျေးရွာအနီးတောထဲသို့ မတ် ၈ ရက်က ဝါးခုတ်သွားစဉ် ဝက်ဝံနှင့်ရင်ဆိုင်တွေ့ခဲ့ရာမှ ဝက်ဝံမကြီးထွက်ပြေးသွားသဖြင့် ကျန်ရစ်ခဲ့သော ဝက်ဝံပေါက်လေးနှစ်ကောင်ကို ဖမ်းဆီးကာ ဝါးခုတ်ရာစခန်းသို့ ယူဆောင်လာခဲ့ကြောင်း၊ ညအချိန်တွင် ဝက်ဝံမကြီးပြန်လာပြီး အသံပေးခေါ်ဆောင်သဖြင့် ဝက်ဝံကလေးများအား ပြန်လွှတ်ပေးခဲ့သော်လည်း မသွားလာတတ်သဖြင့် ဝါးခုတ်ပြီး၍ ကျေးရွာသို့ပြန်လာစဉ် ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။

နို့စို့အရွယ် ဝက်ဝံပေါက်နှစ်ကောင်ကို ဦးရှမ်းက နို့တိုက်မွေးမြူထားခဲ့ပြီး ကသာမြို့နယ်ရှိ သက်ဆိုင်ရာဌာနများသို့ ဆက်လက်အကြောင်းကြားခဲ့ကြောင်း၊ ကသာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အကြောင်းကြားခဲ့ရာမှ ဦးစီးအရာရှိ ဒေါက်တာဝင်းထွန်းက တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)သို့ ဆက်သွယ်ပေးခဲ့ကြောင်း သိရသည်။ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှ တာဝန်ရှိသူများက ဦးရှမ်းနေထိုင်သည့် ပျဉ်ထောင်လေးကျေးရွာ အုပ်ချုပ်ရေးမှူးရုံးသို့ မတ် ၂၂ ရက်တွင် လာရောက်၍ လွှဲပြောင်းလက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဦးရဲ(ကသာ)

ကျေးရွာချင်းဆက်မော်တော်ကားလမ်းသစ် ဖောက်လုပ်

တနိုင်း၊ မတ် ၂၅

ကချင်ပြည်နယ် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့နယ်ခွဲရှိ တရုံကျေးရွာနှင့် ဒိုက်ဖာကျေးရွာတို့ကို ဆက်သွယ်ပေးမည့် ကျေးရွာချင်းဆက်မော်တော်ကားလမ်းသစ်ကို မတ် ၂၀ ရက်တွင် စတင်ဖောက်လုပ်နေကြောင်းသိရသည်။ အရှည် ၇ မိုင်၊ အကျယ် ပေ ၃၀ရှိ မြေသားလမ်းဖြစ်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ပါဝါဗျူးကုမ္ပဏီက တာဝန်ယူဖောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလမ်းသစ်ပြီးသွားရင် တရုံရွာနဲ့ ဒိုက်ဖာရွာကို သွားလာဆက်သွယ်ရေး လွယ်ကူသွားတော့မှာပါ။ အရင်ကဆိုရင် တရုံချောင်းအတိုင်း စက်လှေနဲ့ ခြောက်နာရီလောက်ကြာအောင် သွားရပါတယ်။ ပြီးတော့ လမ်းဖောက်လိုက်တဲ့အတွက် လမ်းဘေးဝဲယာမှာလည်း မြေယာအသစ်တွေ ပေါ်ထွက်လာပါတယ်။ လမ်းသစ်ကြီးဖောက်လုပ်ပြီးစီးသွားရင် ဒိုက်ဖာရွာကထွက်တဲ့ စိုက်ပျိုးသီးနှံတွေကို တရုံ၊ တနိုင်း၊ ရှင်ဗွေယန်စတဲ့ မြို့ရွာတွေဆီကို အလွယ်တကူ ပို့ဆောင်ရောင်းချနိုင်တော့မှာမို့ ဒေသခံတောင်သူတွေအတွက် ဝင်ငွေတိုးလာမှာပါ"ဟု ဒိုက်ဖာကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။ **(၁၄၉)**

MYA-YAMON WATERFRONT VILLA
MYA-YAMON waterfront villa
မြယမုံ စမ်းရိပ်မြိုင်
အဆင့်မြင့် အိမ်ရာစီမံကိန်း ငမိုးရိပ်တံတားအနီး ဒဂုံမြို့သစ်တောင်ပိုင်း
LAST CHANCE & BEST PRICE!!!
နောက်ဆုံးမြေကွက် (၁၅) ကွက်ထဲသာ

- ✓ ရန်ကုန်မြို့လယ်နဲ့ မဝေး၊ အမှတ် (၂) လမ်းမကြီးဘေး
- ✓ အေးချမ်းသာနားတဲ့ ရပ်ကွက်
- ✓ အဆင့်အတန်းရှိတဲ့ ပရိုဂျက်
- ✓ အရစ်ကျငွေပေးချေတဲ့ စနစ်
- ✓ မြေဈေးအေးနေတုန်း၊ အသေချာဆုံးရင်းနှီးမြှုပ်နှံမှုအစစ်

TMW Construction Group Co., Ltd. Your Smart Choice to lead a smart life!!
SALE OFFICE : အမှတ်(၂၀၁)၊ ပင်လုံလမ်းမကြီး၊ မြယမုံစမ်းရိပ်မြိုင်အိမ်ရာ။ ဖုန်း ၀၉-၄၃၁၁၃၅၅၊ ၀၉-၇၃၁၀၀၁၀၁၊ ၀၉၅၀၄၃၄၈၇

ပြည်တွင်းသတင်း

ပြည်သူများခရီးသွားလာရေးအဆင်ပြေစေရန် တော်ဝင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းက ဝန်ဆောင်မှုများ တိုးမြှင့်မည်

လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသွားလာမှုလည်း တိုးတက်လာသည်ဖြစ်ရာ ခရီးသည်တင်ယာဉ်လိုင်းများနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများသည် မိမိတို့ဝန်ဆောင်မှုများ ကောင်းမွန်အောင် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိသည်။ ထိုအထဲတွင် နေပြည်တော်အခြေစိုက် တော်ဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလည်း တစ်ခု အပါအဝင်ဖြစ်သည်။

တော်ဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ ခရီးသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးတို့အတွက် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ထောင်ခဲ့ကာ နေပြည်တော်မြို့တွင်းသယ်ယူပို့ဆောင်ရေးခရီးစဉ်ကို အဓိကပြေးဆွဲခဲ့သည်။ ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလိမိတက်၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် အထွေထွေမန်နေဂျာ ဦးစီးရုံးအဖွဲ့ဖြင့်သာ ရုံးဝန်ထမ်းခြောက်ဦး၊ ယာဉ်မောင်းနှင့် ယာဉ်အကူ ၆၀၊ ယာဉ်စီးရေ ၃၀ ဖြင့် မြို့တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် ရုံးအဖွဲ့ကို ဒါရိုက်တာအဖွဲ့အဖြစ် အဆင့်တိုးမြှင့်ခဲ့သည်။

မြို့တွင်း ခရီးစဉ်များအနေဖြင့် သိုက်ချောင်း-ပျဉ်းမနား၊ သိုက်ချောင်း-မြို့မဈေး၊ ပျဉ်မနား-တပ်ကုန်း၊ ပျဉ်မနား-လယ်ဝေး၊ ပျဉ်မနား-တောင်ဖီလာ၊ ပျဉ်မနား-သာဝတ္ထိ၊ ပျဉ်မနား-ဆွာ၊ ကကန(ကြိုပို့)၊ တပ်ကုန်း-ကပစ(၁)၊ Junction-Ocean (ကြို-ပို့)၊ ရေဆင်းတက္ကသိုလ်-ဇေယျာသီရိကုန်တိုက် (နေ့စဉ်)စသည့် ခရီးစဉ်များ ပြေးဆွဲနေသည်။ အထူးသီးသန့်အပြာလိုင်းအနေဖြင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်-တိရစ္ဆာန်ဥယျာဉ်-ဇေယျာသီရိကုန်တိုက်- ဥပါတသန္တိစေတီ-ရေ ပန်းဥယျာဉ်ခရီးစဉ်ကို စနေ၊ တနင်္ဂနွေနေ့တိုင်းတွင် ပြေးဆွဲလျက်ရှိသည်။

"နေပြည်တော်ကို စတင်အကောင်အထည်ဖော်ခါစအချိန်က ကျွန်မတို့ဒေသခံတွေအနေနဲ့ သွားရေးလာရေး အလွန်ခက်ခဲခဲ့ပါတယ်။ဒေသတွင်းသီးနှံတွေကိုနေပြည်တော်ကောင်စီနယ်မြေက မြို့ကြီးတွေကို ပို့ဆောင်တဲ့အခါမှာလည်း ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေနဲ့ပို့ခဲ့ရတဲ့အတွက် ခရီးနှောင့်နှေးခဲ့တယ်။ ၂၀၀၅ နောက်ပိုင်းမှာ တော်ဝင်ပို့ဆောင်ရေးလုပ်ငန်းက မြို့တွင်း၊ မြို့ပြင် မော်တော်ယာဉ်လိုင်းတွေကို အများပြည်သူသွားလာနိုင်တဲ့ စျေးနှုန်းနဲ့ ပြေးဆွဲပေးခဲ့တဲ့အတွက် အဆင်ပြေခဲ့ပါတယ်"ဟု နေပြည်တော်မှ ဒေသခံတစ်ဦးက ပြောသည်။

ယခုနောက်ပိုင်းတွင် ခရီးသွားပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာသွားလာနိုင်ရန်အတွက် လုပ်ငန်းများတိုးချဲ့ကာ အဝေးပြေးခရီးသည် သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊ တက္ကစီနှင့် ကားငင်လုံးဌားလုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ကားဝန်ဆောင်မှုလုပ်ငန်းများ၊ လချုပ်ကားအငှားလိုက်ခြင်းများကိုပါ လုပ်ကိုင်လျက်ရှိသည်။

အဝေးပြေးယာဉ်လိုင်းများအဖြစ် နေပြည်တော်-ပခုက္ကူ-ကမ္မ(ည)၊ နေပြည်တော်-ကံပြား-မကွေး(ည)၊ နေပြည်တော်-နတ်မောက်-မကွေး(နေ့)၊ နေပြည်တော်-စလင်း(နေ့)၊ နေပြည်တော်-ချောက်-ပခုက္ကူ-ကမ္မ(နေ့)၊ မကွေး-ချောက်(နေ့)၊ နေပြည်တော်-မော်လမြိုင် (ည)၊ နေပြည်တော်-ဘားအံ(နေ့၊ ည)၊ နေပြည်တော်-တောင်တွင်းကြီး-မကွေး-မင်းလှ(ည)၊ နေပြည်တော်-ညောင်လေးပင်(နေ့)၊နေပြည်တော်-ရန်ကုန်(နေ့)၊ နေပြည်တော်-ရေနံချောင်း-မကွေး(နေ့) စသည့်ခရီးစဉ်များ ပြေးဆွဲနေသည်။

ခရီးလတ်အနေဖြင့် နေပြည်တော်-တောင်ငူ(နေ့)၊ နေပြည်တော်-မိတ္ထီလာ(နေ့)၊ နေပြည်တော်-မန္တလေး(နေ့)၊ နေပြည်တော်-ပဲခူး(နေ့) စသည့်ခရီးစဉ်များ ပြေးဆွဲလျက်ရှိသည်။ တော်ဝင်ယာဉ်လိုင်း၏ အဝေးပြေးဂိတ်များကို နေပြည်တော်တွင် ဘောဂသီရိကားဝင်း၊ မြို့မစျေးနှင့် သပြေကုန်းစျေးတို့တွင် ဖွင့်လှစ်ထားပြီး ဘားအံ၊ မကွေး၊ မင်းဘူး၊ ပခုက္ကူ၊ ညောင်ဦး၊ ရန်ကုန်၊ ပဲခူး၊ ဘုရားကြီးလမ်းဆုံ၊ တောင်ငူ၊ မော်လမြိုင်၊ မန္တလေး၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ချောက်၊ အမ်းနှင့် ကမ္မတို့တွင်လည်း ဂိတ်များ ဖွင့်လှစ်ထားသည်။

"အခုဆို အဝေးပြေးယာဉ်လိုင်းတွေက သူ့ထက် ငါအပြိုင်အဆိုင်တွေ ရှိလာကြပြီ။ တော်ဝင် ယာဉ်လိုင်းတွေအနေနဲ့လည်း အဆင့်မြင့်တဲ့ ယာဉ်လိုင်းတွေကိုယှဉ်နိုင်ဖို့နဲ့ ခရီးသွား ပြည်သူတွေ အဆင်ပြေစွာသွားလာနိုင်ဖို့အတွက် ကိုယ့်ကားတွေကိုလည်း အဆင့်မြှင့်တင်ခြင်းတွေလုပ်နေပါတယ်။ ခရီးသည်တွေ ကျန်းမာရေးအတွက် ကားပေါ်မှာ ဆေးသေတ္တာတွေပါ ထားပေးထားတယ်။ အဝေးပြေးကားတွေဆိုလည်း လေအိတ်ကား၊ အဲယားကွန်းကား၊ SSB ကားကြီးတွေနဲ့ ခရီးသည်တွေစီးနင်းလိုက်ပါတဲ့အခါ သက်သာမှုရှိအောင် ဆောင်ရွက်ပေးထားပါတယ်။ နောက်ထပ်လည်း တော်ဝင်ယာဉ်လိုင်းအနေနဲ့ တတ်နိုင်သမျှ အဆင့်မြှင့်တင်မှုတွေ ဆောင်ရွက်သွားမှာပါ"ဟု တော်ဝင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းဒါရိုက်တာဦးကိုကိုကြီးကပြောသည်။

တော်ဝင် ပို့ဆောင်ရေးလုပ်ငန်းအနေဖြင့် ယာဉ်လိုင်းများပြေးဆွဲရာတွင် ခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ရေးအတွက် အချို့ခရီးစဉ်များကို အရှုံးခံပြေးဆွဲနေကြောင်း၊ ပြေးဆွဲနေသောယာဉ်များ အန္တရာယ်ကင်းရှင်းစေရန် ယာဉ်မောင်းများနှင့် ယာဉ်အကူများကိုလည်း သေချာစိစစ်ရွေးချယ်ထားကြောင်း၊ ဒုတိယယာဉ်မောင်းအဖြစ်လည်း မြို့တွင်းမောင်းနှင်နေသော လုပ်သက်ရှိသည့် ယာဉ်မောင်းကိုသာ ခန့်အပ်ထားကြောင်း၊ ယာဉ်တစ်စီးချင်းစီမှ ယာဉ်ကိုကိုင်တွယ်အသုံးပြုသည့် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကို ကားမထွက်မီအချိန်တိုင်း ယာဉ်စည်းကမ်းလိုက်နာပြီး ခရီးသည်များကို ကောင်းမွန်စွာ ဝန်ဆောင်မှုပေးရန် အသိပေးမှာကြားကြောင်း ၄င်းက ဆက်ပြောပြသည်။

တော်ဝင် သယ်သူပို့ဆောင်ရေးလုပ်ငန်းသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၁၅ ဇန်နဝါရီလအထိ လချုပ်ယာဉ် ၄၈ စီး၊ ရက်တိုစင်းလုံးငှားယာဉ် ၈ စီး၊ မြို့တွင်း ၃၉ စီး၊ အဝေးပြေးယာဉ် ၈၁ စီး၊ အုပ်ချုပ်မှုယာဉ် ၄ စီး၊ မော်တော်ယာဉ်ဌာန(အရန်) ၁၇ စီးဖြင့် ဝန်ဆောင်မှုပေးနေပြီး ဆက်လက်တိုးချဲ့ပြေးဆွဲရန် ပြည်ပမှကားများ မှာယူတင်သွင်းထားပြီး ဝန်ဆောင်မှု ကောင်းများပေးနိုင်ရန်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

သတင်းဆောင်းပါး – စူလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ – ကိုမျိုး(ရွှေပေါက်)

အသက်ဝင်နေတဲ့ ဘီဘီစီရဲ့ သတင်းတွေ
တီဗီ၊ အွန်လိုင်း၊ မိုဘိုင်း နဲ့ ရေဒီယို

BBC
မြန်မာပိုင်းအစီအစဉ်

သက်ဝင်လှုပ်ရှား ဖြစ်ရပ်များ

ပြည်တွင်းသတင်း

သစ်တောများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကျွန်းလှ မတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို သစ်တောဦးစီးဌာန ပျိုးဥယျာဉ်၌ မတ် ၂၁ ရက်က ကျင်းပခဲ့သည်။

သစ်ပင်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးသောင်းဟိန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ သစ်တောဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအသင်းဝင်များက ယူကလစ်၊ မဲဇလီ၊ သနပ်ခါး၊ လျှော်ဖြူ၊ မဟော်ဂနီပျိုးပင်များနှင့် သစ်စေ့ ၂၀၀၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ယခုနှစ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း၁၄၉၀ ဧကအတွက် ပျိုးပင် ၂၂၃၅၀၀ကို မြို့မပျိုးဥယျာဉ်၌လည်းကောင်း၊ ဧက ၂၀၁၀အတွက် ပျိုးပင် ၃၀၁၅၀၀ကို ယာယီပျိုးဥယျာဉ်ခြောက်ခုတွင်လည်းကောင်း ပျိုးထောင်ထားပြီး မိုးရာသီတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၃၅၀၀ ဧကကို သက်ဆိုင်ရာအသုံးပြုသူများအဖွဲ့ ၈၉ဖွဲ့က အဖွဲ့ဝင် ၇၈၉ ဦးဖြင့် စိုက်ပျိုးသွားမည်ဟု သိရသည်။ ထို့အပြင် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀နှင့် တစ်အုပ်တစ်မစိုက်ခင်းများကိုလည်း စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဆန်းတင်ထိမ့သိရသည်။ **ဗျိုးဝင်းညီ(ကျွန်းလှ)**

ရောဝတီမြစ်ရေနည်း၍ သင်္ဘောများသွားလာရန် ခက်ခဲနေ

မြင်းမူ မတ် ၂၅

မြင်းမူမြို့နယ် မြင်းမူမြို့အနီးရှိ ညောင်ရင်းရွာနှင့် အထက်ဘက်ရှိ ငါန်းဇွန်မြို့နယ် ရွာသစ်ရွာကြား ဧရာဝတီမြစ်ကြောင်းတစ်လျှောက်၌ မတ် ၂၂ ရက်မှ ၂၄ ရက်နံနက်ပိုင်းအထိ မြစ်ရေနည်းပါးမှုကြောင့် မြစ်အတွင်းသွားလာသည့်သင်္ဘောများ ခုတ်မောင်းသွားလာရန် ခက်ခဲနေကြောင်း သိရသည်။

မြစ်ရေနည်းပြီး သဲသောင်များပေါ်ထွန်းနေသဖြင့် ကုန်တင်တွဲပါ သင်္ဘောများနှင့် နိုင်ငံခြားဧည့်တင်သင်္ဘောများ သွားလာနိုင်ခြင်းမရှိဘဲ ရေလယ်တွင် ရပ်၍ ရေတက်ချိန်ကို စောင့်ဆိုင်းနေရကြောင်း သိရသည်။ "ရေကြောင်းကျပ်တဲ့နေရာက မြင်းမူမြို့နယ် ညောင်ရင်းရွာနဲ့ ငါန်းဇွန်မြို့နယ် ရွာသစ်ရွာအကြားမှာပါ။ သဲသောင်ပြင်နဲ့ ရေအောက်ကျောက်တန်းကြားကနေ သင်္ဘောတွေ အန္တရာယ်ကြီးစွာ ဖြတ်သန်းသွားလာနေကြရပါတယ်"ဟု မြင်းမူဆိပ်ကမ်းအနီးတွင် နေထိုင်သူတစ်ဦးကပြောပြသည်။ ထိုသို့အကျပ်အတည်းကြားတွင် ခုတ်မောင်းနေရသဖြင့် သင်္ဘောတက်မများ ကောက်ခြင်း၊ ပန်ကာများ ပဲ့ထွက်ခြင်း၊ တွဲများပေါက်ခြင်းတို့ကို မကြာခဏ ကြုံတွေ့နေရကြောင်း ၄င်းက ဆက်ပြောသည်။

ဧရာဝတီမြစ်ရေနည်းပါးမှုသည် ၂၀၁၀ ခုနှစ်ခန့်မှ စတင်ဖြစ်ပွားလာခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် သိသိသာသာ လျော့နည်းလာကြောင်း မြင်းမူဆိပ်ကမ်းအနီးတွင် နေထိုင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **(ဝ၇၉)**

ဆိုနာလီကာထွန်စက်ကြီးများ မောင်းနှင်ထိန်းသိမ်းမှု ကျွမ်းကျင်သင်တန်းဖွင့်

မြင်းခြံ မတ် ၂၅

စက်မှုလယ်ယာကဏ္ဍသို့ ကူးပြောင်းရေးတွင် အထောက်အကူဖြစ်စေရန်အတွက် မြင်းခြံခရိုင်အတွင်းရှိ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများအား ဆိုနာလီကာထွန်စက်ကြီးများ မောင်းနှင်ထိန်းသိမ်းမှု ကျွမ်းကျင်သင်တန်းကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆)စက်မှုလယ်ယာ၌ မတ် ၂၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြင်းခြံခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမြင့်လွင်က ယခင်က စက်မှုလယ်ယာစခန်းများတွင် ထွန်စက်ဟောင်းများသာရှိခဲ့ပြီး ယခုအချိန်တွင် နည်းပညာပိုင်းမြင့်မားသောထွန်စက်များ အစားထိုးရောက်ရှိလာပြီဖြစ်သဖြင့် သိသင့်သိထိုက်သည်များကို သိရှိစေရန်နှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် စက်မှုလယ်ယာဦးစီးဌာနမှ သက်ဆိုင်ရာကုမ္ပဏီများနှင့်ပူးပေါင်း၍ သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းမှရရှိသော အတွေ့အကြုံများကို ဝန်ထမ်းအချင်းချင်းပြန်လည်ဝေမျှ၍ တောင်သူလယ်သမားများ၏စိုက်ပျိုးရေးအတွက်လည်း ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ သင်တန်းတွင် အိန္ဒိယနိုင်ငံ International Tractor Limited မှ လက်ထောက်မန်နေဂျာ Mr. Amit Sharma က ဆိုနာလီကာထွန်စက်များ မောင်းနှင်နည်းနှင့် ထိန်းသိမ်းနည်းများကို စာတွေ့ လက်တွေ့သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ မြင်းခြံ၊ မလှိုင်၊ မိတ္ထီလာ၊ ညောင်ဦးနှင့် ကျောက်ပန်းတောင်းစက်မှုလယ်ယာဦးစီးဌာနများမှ သင်တန်းသား ၃၂ ဦး တက်ရောက်ခဲ့သည်။ **စောမင်းနိုင်(မြင်းခြံ)**

GIVE YOUR CHILD THE MOST ENTERTAINING EDUCATIONAL PROGRAM THIS SUMMER

• From March through May
• For ages 3 to 14 years

TOTAL SUMMER SCHOOL
Explore, Experience, Enhance

STEM INTEGRATED

Kamayut 524599 501976 514267
Sanchaung 526456 0973143280
Taunggyi 094 937 8436 081-2122680
New University Avenue 551521 551951 553896
Lanmadaw 224428 224701
Parami 660855 0973107376
Latha 251228 250854
Kyi Myin Daing 01-2300 715 - 6
Tamwe 401592 - 4
41st Street 376022 376010
Thingangyun 8551360 - 3

Myanmar Book Centre
(Supplying The World's Knowledge)
"Myanmar New Year Special Sales"
From (1-4-2015) to (5-4-2015)

ကျင်းပမည့်နေ့ရက် ။ ။ ၁-၄-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မှ ၅-၄-၂၀၁၅ (တနင်္ဂနွေနေ့) ထိ။
ကျင်းပမည့်အချိန် ။ ။ နံနက် ၉း၀၀ နာရီမှ ညနေ ၆း၀၀ နာရီအထိ။
ကျင်းပမည့်နေရာ ။ ။ MBC ၏ Outlets များအားလုံး။

Over 5,000 Newly Arrived Titles

Benefits
(၁) For all Members : 15% Discount
For all Non-Members : 10% Discount
(၂) ကျပ် ၁၀,၀၀၀ နှင့်အထက် ဝယ်ယူသူတိုင်းအား အထူးမေတ္တာလက်ဆောင် အဖြစ် Gift Vouncher (၁)တစ်စောင်စီရရှိမည့် အခွင့်အရေးဖြစ်ပါသည်။
(၃) စာအုပ်ပေါင်းများစွာအား အထူးလျှော့ဈေးအဖြစ်ရောင်းချမည့် Clearance Sale

Upto 40% Discount

ရုံးကျန် ဆိုင် (၁) - အမှတ်(၅၅)၊ ဗဟိုလမ်း၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၇၃၀၁ ၅၉၉၃၊ ၀၉ ၄၂၀၁ ၄၄၇၀၆၊ ၂၂၁ ၂၇၁၊ ၂၅၂ ၄၀၉
E-mail : info@myanmarbook.com, Website : www.MyanmarBook.com
ဆိုင် (၂) - အမှတ်(၅၆၁-၅၆၇)၊ အရန်း(၃)၊ ဗြေညီထပ်၊ MAC Tower (I)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၃၇၀ ၅၄၂၂ ၃၄၄ ၅၀၉
မန္တလေး - အရန်းအမှတ် (၁၁၀)၊ (၃)လွှာ၊ ရတနာပုံမိုင်းမွန်းပလာဇာ၊ ဖုန်း - ၀၉ ၇၃၀၀ ၂၆၆၉

စားသောက်ဆိုင်လုပ်ငန်းပိုင်ရှင်နှင့် စားသုံးသူများသို့

မေတ္တာရပ်ခံပန်ကြားချက်

* **စားသုံးသူများအနေဖြင့်** ကျသင့်ငွေကို ပေးချေချိန်တွင် အခွန်တံဆိပ်ခေါင်းကပ်ထားသောပြေစာကို မဖြစ်မနေ တောင်းယူကြပါရန်။
* **စားသောက်ဆိုင်များကလည်း** စားသုံးသူက တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ အခွန်တံဆိပ်ခေါင်းကပ်နိုပ်ထားသည့် ပြေစာများကို **မဖြစ်မနေ ထုတ်ပေးပါရန်**။
* စားသုံးသူများအနေဖြင့် ပြေစာထုတ်မပေးသော စားသောက်ဆိုင်များကို တွေ့လျှင်ဖြစ်စေ၊ အခွန်တံဆိပ်ခေါင်းမပါရှိသော (သို့မဟုတ်) ကျသင့်အခွန်ကို အပြည့်အဝကပ်ထားခြင်းမရှိသောပြေစာကို ရရှိလျှင်ဖြစ်စေ အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ **တိုင်ကြားခြင်းဖြင့် ကူညီကြပါရန်** မေတ္တာရပ်ခံပါသည်။

ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး
အမှတ် ၁၆၃/၁၆၇၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၅၂၅၄၃၃၊ ၀၁-၂၅၂၅၄၇၊ ၀၁-၃၇၂၃၀၈
အခွန်ကောက်ခံမှုစီစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

နိုင်ငံတကာဒေသများ

ပြင်သစ်နဲ့ ဟော်လန် လူငယ်တွေ ခြေစွမ်းပြမယ့်ပွဲ

မိုးမြင့်လင်းလက်

ဥရောပယူ-၁၉ ချန်ပီယံရှစ် အုပ်စု ပွဲစဉ်တွေကို မတ် ၂၇ ရက် နဲ့ ၂၈ ရက်တွေမှာ ဆက်လက်ကစားပါဦးမယ်။ တချို့အသင်းတွေက အုပ်စုပထမ ပွဲစဉ်တွေ ဖြစ်သလို တချို့အသင်းတွေက အုပ်စု ဒုတိယပွဲစဉ်အဖြစ် ကစားကြရမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ပြင်သစ်၊ ဟော်လန်၊ ရုရှားနဲ့ ဒုတိယပွဲစဉ်အဖြစ် ကစားမယ့် အီတလီတို့ရဲ့ ခြေစွမ်းအတက်အကျကို အကဲခတ်ခွင့်ရဦးမှာဖြစ်ပါတယ်။

ဒီန်းမတ်နှင့် ပြင်သစ်

အုပ်စု (G) အသင်းတွေဖြစ်ပြီး ပြင်သစ်လူငယ်တွေရဲ့ ကစားအားက အံ့အားသင့်စရာ ကောင်းအောင် အစွမ်းထက်နေပါတယ်။ ဂျာမနီ လူငယ်အသင်းကို ငါးဂိုးပြတ်သွင်းပြီးအနိုင်ယူခဲ့တဲ့ ခြေစွမ်းက ထက်မြက်လွန်းနေပါတယ်။ လျင်မြန်တဲ့ တွဲလုံး၊ တိကျတဲ့ ပေးပို့မှုနဲ့ ဂိုးသွင်း အဆုံးသတ်ကောင်းမွန်မှုတွေက ဒီန်းမတ်ကိုလည်း ဂိုးပြတ်သွင်းနိုင်အောင် ဒီပွဲမှာ ကြိုးစားပါလိမ့်မယ်။ ပြင်သစ်၊ အင်္ဂလန်၊ အဇာဘိုင်ဂျန်နဲ့ ဒီန်းမတ်တို့ ပါဝင်တဲ့ အုပ်စု (G) မှာ အုပ်စု ဗိုလ်ဖြစ်အောင် ပြင်သစ်တို့ ကြိုးစားမှာ သေချာနေပါတယ်။

ဟော်လန်နှင့် ဆားဘီးယား

အုပ်စု (D) မှာတော့ ဟောလန်တို့ခြေစွမ်းကောင်းနေပါတယ်။ ဟော်လန်ရဲ့ နောက်ဆုံး သုံးပွဲကစားခဲ့တဲ့ရလဒ်ကို ကြည့်ရင် အင်ဒိုရာကို ခုနှစ်ဂိုးပြတ်၊ မော်ဒိုဘာကို သုံးဂိုးပြတ်၊ ပိုလန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲတွေ ဆက်တိုက်ရယူထားပါတယ်။ ဆားဘီးယားတို့ကလည်း လောလောဆယ်မှာ ရှုံးပွဲမရှိ ကစားထားတာမို့ ဟော်လန်တို့ ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့် ဟော်လန်ရဲ့ အားထည့်ကစားနိုင်မှုက နိုင်ပွဲရသွားနိုင်ပါတယ်။

ရုရှားနှင့် ဘယ်လ်ဂျီယံ

ရုရှားတို့ကလည်း အုပ်စု (C) မှာတော့ မျှော်မှန်းချက်ကြီးမားတဲ့အသင်းဖြစ်ပါတယ်။ ရုရှား လူငယ်တွေဟာ ဖာရိုးကျွန်းစုအသင်းကို ခုနှစ်ဂိုးပြတ်နဲ့နိုင်ပြီး မြောက်အိုင်ယာလန်ကို ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူကာ ချက်အသင်းကိုလည်း သုံးဂိုးပြတ်နိုင်ပွဲရထားပါတယ်။ ဘယ်လ်ဂျီယံတို့ကတော့ ဥရောပယူ-၁၉ ချန်ပီယံရှစ်မှာ သမိုင်းမှတ်တမ်းကောင်းတဲ့ အသင်းမဟုတ်လို့ ရုရှားလူငယ်တွေရဲ့ တိုက်စစ်ကို ပဲ ဟန့်တားကာကွယ်ဖို့ စဉ်းစားရမယ့်ပွဲပါ။

အီတလီနှင့် စကော့တလန်

ဩစတြီးယား၊ ခရိုအေးရှား၊ အီတလီနဲ့ စကော့တလန်တို့ ပါဝင်တဲ့ အုပ်စု (F) မှာတော့ အီတလီတို့က ခြေစွမ်းကောင်းမွန်တဲ့အသင်းအဖြစ် ရပ်တည်နိုင်နေပါတယ်။ အီတလီလူငယ်တွေဟာ ဘယ်လ်ဂျီယံကို နှစ်ဂိုးပြတ်နိုင်ခဲ့ပေမယ့် အင်္ဂလန်ကိုတော့ သုံးဂိုးပြတ် ရှုံးထားပါတယ်။ စကော့တလန်တို့က ခြေပေါ်ရင် ထိန်းချုပ်ရ ခက်ခဲတဲ့အသင်းဖြစ်ပြီး အီတလီတို့ သတိထားကစားမှ ရပါလိမ့်မယ်။ အီတလီရဲ့ ခံစစ်ပိုင်း အားနည်းချက်ကို ပြင်ဆင်ရင်တော့ ဂိုးမပြတ်ပေမယ့် အီတလီတို့ နိုင်ပွဲပါပဲ။

ဆလိုဗက်ကီးယားနှင့် ချက်

အုပ်စု (B) မှာတော့ ဂျာမနီ၊ အိုင်ယာလန်၊ ချက်နဲ့ ဆလိုဗက်ကီးယားတို့ ပါဝင်နေတာမို့ ပွဲမချောင်ပါဘူး၊ ဆလိုဗက်ကီးယားတို့က ချက်အသင်းနဲ့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလက ကစားခဲ့တဲ့ပွဲမှာ နှစ်ဂိုးပြတ် ရှုံးနိမ့်ထားပါတယ်။ လတ်တလော ရလဒ်တွေလည်း မကောင်းတာမို့ အခုပွဲမှာ ချက်လူငယ်တွေပဲ ဂိုးရအောင် သွင်းပြီး အောင်ပွဲခံပါလိမ့်မယ်။

ပထမဆုံး အနီကတ်ပြခံရတဲ့ ဘင်နီတက်ဇ်

နာပိုလီနည်းပြ ဘင်နီတက်ဇ်ဟာ အတ္တလန္တာအသင်းနဲ့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့တဲ့ စီးရီးအေ အမှတ်ပေးဘောလုံးပြိုင်ပွဲမှာ နည်းပြ သက်တမ်းတစ်လျှောက် ပထမဆုံး အနီကတ်နဲ့ ထွက်ခဲ့ရပါတယ်။ အတ္တလန္တာအသင်းရဲ့ သွင်းယူခဲ့တဲ့ ဂိုးအပေါ် အငြင်းပွားခဲ့၍ ကွင်းလယ်ဒိုင်လူကြီးက တိုက်ရိုက် အနီကတ်ပြပြီး နည်းပြ ဘင်နီတက်ဇ်ကို ထုတ်ပယ်ခဲ့တယ်လို့ဆိုပါတယ်။ “နည်းပြသက်တမ်းတစ်လျှောက်မှာ အဝါကတ်တောင် အပြမခံခဲ့ရပါဘူး။ ဒီပွဲမှာတော့ ရှင်းပြချိန်တောင်မရဘဲ အနီကတ်ပြ ထုတ်ပယ်ခံရတာပါ။ ဒါကလည်း နား လည်မှုလွဲမှားတာလို့ ထင်ပါတယ်လို့” နည်းပြ ဘင်နီတက်ဇ်ကဆိုပါတယ်။ ဘင်နီတက်ဇ်ဟာ လီဗာပူးအသင်းနဲ့အတူ အောင်မြင်ခဲ့တဲ့ နည်းပြဖြစ်ပြီး ဥရောပ ချန်ပီယံဆုဖလားအထိ ဆွတ်ခူးပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ သူဟာ ပွဲပေါင်း ၆၀၀ ကျော် နည်းပြလုပ်ခဲ့ရာမှာ ပထမဆုံး အနီကတ်ပြခံရတာ ဖြစ်ပါတယ်။

အင်္ဂလန် ကွင်းလယ်ကစားသမားအဖြစ်ပါဝင်မယ့် မက်ဆွန်

ကောင်းမြတ်သူ-စုစည်းသည်

လစ်သူယေးနီးယားနှင့် အီတလီတို့ ယှဉ်ပြိုင်ကစားမယ့် အင်္ဂလန်အသင်းအတွက် စပါးကွင်းလယ်ကစားသမား ရိုင်ယန်မက်ဆွန်အနေနဲ့ အဒမ်လာလာနားနေရာမှာ ပါဝင်ကစားမှာ ဖြစ်ပါတယ်။ လီဗာပူး ကွင်းလယ်ကစားသမား လာလာနားဟာ မန်ယူကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားတဲ့ပွဲမှာ ပေါင်ခြံ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ မက်ဆွန်ဟာ စပါးအသင်းမှာ ပုံမှန်ပွဲထွက်ကစားနေတဲ့ ကွင်းလယ်ကစားသမားဖြစ်ပါတယ်။ အင်္ဂလန်အသင်းမှာ ဂိုးသမားဖော်စတာနဲ့လူဘီရှောတို့ ဒဏ်ရာနဲ့ ထွက်ခဲ့ပြီးနောက် လာလာနားထွက်ခဲ့ရတာဖြစ်ပါတယ်။ ဒူးဒဏ်ရာရရှိသွားတဲ့ ဆောက်သမ်တန် ဂိုးသမား ဖော်စတာနေရာမှာ ကျူပီအာ ဂိုးသမား ရော့ဂရင်းနဲ့ စတုတ်အသင်းမှ ဂျက်ဘတ်လန်းတို့ကို ခေါ်ယူထားပါတယ်။ စပါး ဝဲတောင်ပံ ခံစစ်မှူး ဒန်နီရို့စ်ကို မန်ယူကစားသမား လူကီရှော နေရာမှာ ထည့်သွင်းကစားမယ်လို့ နည်းပြရွိုင်းဟော့ဆင်က ဆိုပါတယ်။ အင်္ဂလန်အသင်းဟာ ယူရို ၂၀၁၆ ခြေစစ်ပွဲအုပ်စု (E)ကို ဦးဆောင်နေတဲ့ အသင်းဖြစ်ပါတယ်။ မတ် ၃၁ ရက် တုရင်မြို့မှာ အီတလီနှင့် ချစ်ကြည်ရေး မကစားမီ မတ် ၂၇ ရက် ဝင်ဘလေကွင်းမှာ လစ်သူယေးနီးယားနှင့် ယူရို ၂၀၁၆ ခြေစစ်ပွဲ ကစားမှာ ဖြစ်ပါတယ်။

"ရာဇတံခွန်ကုမ္ဗဏီ (ကမ္ဘာကျော်ဓာတ်မြေသြဇာ)မှ ဝန်ထမ်းများအမြန်ခေါ်ယူခြင်း"

နေပြည်တော်အခြေစိုက် ရာဇတံခွန်(ကမ္ဘာကျော်ဓာတ်မြေသြဇာ)မှ နယ်လှည့်အရောင်းစာရေး ကျား(၂၀၀)ဦး (နှစ်ထောင်ဦး) အမြန်ခေါ်ယူခန့်ထားမည် ဖြစ်ပါသည်။

၁။ ၁၈-နှစ်မှ ၃၀-နှစ်အတွင်းဖြစ်ရမည်။

၂။ အခြေခံလစာအဖြစ် (ကိုးတန်းအောင်) ကျပ်ကိုးသောင်း+အချိန်ပိုကြေး ကျပ်နှစ်သောင်း စုစုပေါင်း ကျပ်တစ်သိန်းတစ်သောင်း၊ (ဆယ်တန်းအောင်) အခြေခံလစာ ကျပ်တစ်သိန်း+အချိန်ပိုကြေး ကျပ်သုံးသောင်း စုစုပေါင်း တစ်သိန်းသုံးသောင်း၊ (ဘွဲ့ရ) အခြေခံလစာ ကျပ်တစ်သိန်းသုံးသောင်း+အချိန်ပိုကြေး ကျပ်သုံးသောင်း စုစုပေါင်း ကျပ်တစ်သိန်းခြောက်သောင်းမှ စတင်ရရှိမည်။

၃။ အလုပ်ကြိုးစားရိုးသား၍ အရည်အချင်းရှိလျှင်ရှိသလို လစာများ၊ ရာထူးများတိုးမြှင့်ခံစားခွင့်ပြုခြင်း၊ ဆေးဟောပြောပွဲများပြောတတ်ပြီး လုပ်ငန်းကျွမ်းကျင်လျှင် လစာအပြင် မြေသြဇာတစ်အိတ်ချင်းအလိုက် အုပ်စုကြီးကြပ်ခများ၊ မိမိဆေးဟောပြောပွဲများ ပြုလုပ်ရောင်းချခဲ့သည့် အိတ်တစ်အိတ်ချင်းစီအတွက် ကော်မရှင်၊ ဘောက်ဆူးများ ခံစားခွင့်ပြုခြင်း၊ နယ်ထွက်လျှင် လစာအပြင် စားစရိတ်အဖြစ် တစ်နေ့ နှစ်ထောင့်ငါးရာကျပ် ခံစားခွင့်ပြုခြင်း။

